ဗုဒ္ဓမြတ်စွာဒေသနာအရ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၏

ဥပနိဿယအတိုင်း

ဇနိတာရာမကျောင်းတိုက်ဆရာတော်

## ဦးဇနိ[illegible]

ဟောကြားအပ်သော

# ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ

## အ[illegible]နှင့်အ[illegible]

[illegible]


ပန်းချီ စံတိုး

၃၆၄
ဘ

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားစေပေါ်လွင် ဓာတ်အစ

အမရပူရမြို့၊ မင်္ဂလာဘိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏

ပဋိစ္စသမုပ္ပါဒ် ပြဘ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန် ဖြစ်ပြန်နည်းအလျော်။ ဖြပ္ပာ-သိကြား၊ စသည်များက၊ စီရင်ဘန်ဆင်း။ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့်ရှု၍မြော်၊ (သက်ာဆောင်ပုဒ်) မူလနှင့်ပြ၊ သစွာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါး ဝဋ်သုံးပင့်၊ ကာလသုံးပြ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ

ဗုဒ္ဓမြတ်စွာ ဒေသနာအရ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရားကြီး ၏

ဥပနိဿယအတိုင်း

ဇနိတာရာမကျောင်းတိုက် ဆရာတော်

# ဦးဇနိတာလင်္ကာရ

ဟောကြားအပ်သော

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ

# အမေးနှင့်အဖြေ

## အကျဉ်းချုပ်

ဇနိတာရာမကျောင်းတိုက်
အင်းမြဲ၊ ဝဏ္ဏလတ်၊ မဟာနန်းမြို့နယ်၊ ရန်ကုန်။

သာသနာ ၂၅၃၂၊ ကောဇာ ၁၃၅၀၊ ခရစ် ၁၉၈၈။

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၄၉)

စာမူ ခွင့်ပြုချက်အမှတ် (၃၇၇)

ပထမအကြိမ်

၁၉၈၈ ခု၊ အောက်တိုဘာလ

အုပ်ရေ ၂၀၀၀

ပန်းချီ .... ဦးစံတိုး

ဘလောက် .... စုပေါင်း

မျက်နှာဖုံးရိုက် .... နေလင်း

စာအုပ်တန်ဖိုး .... ၁၅ ကျပ်

စာအုပ်ချုပ် .... မိဘမေတ္တာ

ထုတ်ဝေသူ .... ဦးသောင်းလွင် (၀၈၀၄)
၂၂၈၊ ကျိုက္ကဆံလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

ပုံနှိပ်သူ .... ဒေါ်တင်လှ (၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်၊
အမှတ် ၁၁၊ ၁၂၅ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်း

ဘုရားရှင်များ၏ သာသနာတော်မြတ်ကြီးမှာ အရေးကြီးသော တရားကို ပြောပါဆိုရင် ပဋိစ္စသမုပ္ပါဒ် တရားကို ပြောရမှာဖြစ်ပါသည်။ အကြောင်းကိုဆိုရပါမူ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ပင်လျှင် ဘုရားမဖြစ်မီ ဘုရားလောင်းဘဝမှာ ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အဆုံးကနေအစရောက်အောင် ဆင်ခြင်တော်မူပါသည်။ တဖန်အစကနေအဆုံးရောက်အောင် ဆင်ခြင်တော်မူပါသည်။ ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အစကအဆုံး၊ အဆုံးကနေ အစ ပြန်ရောက်အောင် ဆင်ခြင်သုံးသပ်တော်မူသောအခါ နံနက် မိုးသောက်ယံ၌ အာသဝေါတရားလေးပါး ကုန်ခမ်းတော်မူပြီးလျှင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတော်မူပြီးသောအခါ လောကသုံးပါးဝယ် အမြတ်ဆုံး ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

သို့အတွက် ဘုရားရှင်အဖြစ်သို့ ဘာကြောင့် ရောက်ပါသလဲ မေးခဲ့ပါရင် ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းနှင့် ချုပ်ကြောင်းသိလို့ ဘုရားဖြစ်ခဲ့ပါတယ် ဟူ၍ ဖြေရုံမှတပါး အခြားအဖြေပေးစရာ မရှိတော့ပါ။

ထို့ကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့မှာလဲ မဂ်ဖိုလ်နိဗ္ဗာန်ကိုရအောင် အားထုတ်နေကြသော ယောဂီများဖြစ်ကြပါသဖြင့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုမသိရင်၊ သစ္စာလည်း မသိနိုင်ပါ။ သစ္စာမှမသိရင် မည်သူမှ ဒိဋ္ဌိမကွာနိုင်ပါ။ ဒိဋ္ဌိကိုမှ အသိဉာဏ်အားဖြင့်လဲမခွာ၊ အပွားဉာဏ်အားဖြင့်မခွာ၊ အပါယ်ဉာဏ်အားဖြင့်လဲ မခွာနိုင်ပါရင် သောတာပန်မျှတောင်မှ မဖြစ်နိုင်တော့ပါ။

သို့အတွက် သောတာပန်ဖြစ်ချင်ပါတယ်ဆိုရင် ဒိဋ္ဌိကိုအသိဉာဏ်အားဖြင့် အရင်ခွာကြရမှာဖြစ်ပါသည်။ ဒိဋ္ဌိကိုအသိဉာဏ်အားဖြင့် ခွာနိုင်ဘို့ရန် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ခန္ဓာဉာဏ်ရောက် သဘောပေါက်ထားဘို့လိုပါသည်။

ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ကို သဘောပေါက်ထားပါလျှင် ဒိဋ္ဌိတည်းဟူသော ရေမျိုးစေ့ အပါယ်လေးပါးမျိုးစေ့များသည် ဆိပ်သုဉ်းကွယ်ပျောက်သွားပါသဖြင့် ရေပင်အပါယ်ပင်များ ဘယ်တော့မှပြန်ပြီး မပေါက်နိုင်တော့ပါ။

သို့အတွက် အပါယ်လေးပါးကို မရောက်လိုကြကုန်သော၊ အပါယ်တံခါးပိတ်လိုကြသော ယောဂီတိုင်းသည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ပထမရအောင် ကျက်တော်မူကြ၍၊ ဒုတိယမှတ်မိအောင်မှတ်သားထားပြီးလျှင် တတိယအနေအားဖြင့် ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် သုံးသပ်ဆင်ခြင် ပွားများ အားထုတ်ကြပါလျှင်အန္ဓပုထုဇဉ်က ကလျာဏပုထုဇဉ်အဖြစ်သို့ရောက်၍ကလျာဏပုထုဇဉ်မှ စူဠသောတာပန်အဖြစ်သို့ရောက်လျက်၊ စူဠသောတာပန်အဖြစ်မှ မဟာသောတာပန်အဖြစ်သို့ တက်လှမ်းနိုင်ကြပြီးလျှင် မြတ်ဗုဒ္ဓစံတော်မူရာဖြစ်သော ခေမာကြငှာန်း နိဗ္ဗာန်နန်းသို့ လမ်းဆန်းမသွေရောက်ရှိကြမှာအမှန် ဖြစ်ပါပေ၏။

သို့ပါ၍ သာသနာတော်မြတ်ကြီးအတွင်း အရေးပါအရာရောက်ဆုံးဖြစ်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို တရားအားထုတ်ကာစ ဖြစ်သော ယောဂီအသစ်များအတွက် သဘောပေါက်စေရန် အမေးနှင့် အဖြေများကို ရေးသားလိုက်ပါသည်။

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ခန္ဓာဉာဏ်ရောက် သဘောပေါက်လျက် အမြင်မှန်တွေရရှိကြပြီးလျှင် ၎င်းအမြင်မှန်ကနေ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေပေါ်ပြီး သာယာလအမတဓါတ်သော မဟာသုခ မြတ်နိဗ္ဗာန်သို့ ကေန်မသွေရောက်ရှိနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ရပါကြောင်း။

ဆရာတော် ဦးဇနိတာလင်္ကာရ

၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၉)ရက်

# ပဋိစ္စသမုပ္ပါဒ်-စက်ဝိုင်းဒေသနာ

# အမေးနှင့်အဖြေ

မေး။ ။ပဋိစ္စသမုပ္ပါဒ်တရားကို အလွယ်တကူ နားလည်သဘောပေါက်ကြစေရန် လင်္ကာဆောင်ပုဒ်များကို ဆိုပြပါ။

## (၁) နံပါတ်လင်္ကာမှာ

ဖြေ။ ။အဝိဇ္ဇာနှင့်တဏှာရင်းခံ ဥပါဒါန်ကံကြောင့် ရုပ်နာမ်ပေါ် အပင်မှ မျိုး၊ မျိုးမှအပင်၊ အမျှင် မပြတ် ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ။ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်၊ ပြဟ္မာသိကြား စသည်များက ထင်ရှား ပြုပြင်၊ စီရင်ဖန်ဆင်၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟုဉ ါဖြင့် ရှုရှုမျော်-

## (၂) နံပါတ်လင်္ကာ

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါ တဆယ့် နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာယသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်းတို့ ဖြစ်ပါသည်။

မေး။ ။(၁) နံပါတ်လင်္ကာကို အကျဉ်းချုပ်အားဖြင့် ရှင်းပြပါ။

ဖြေ။ ။လူနတ်ပြဟ္မာ၊ သတ္တဝါများသည် မသိမှုအဝိဇ္ဇာ အကြောင်းခံကြပြီး လျှင် လိုခြင်းမှုတဏှာ၊ စွဲလမ်းမှုဥပါဒါန်၊ ပြုလုပ်အားထုတ်မှုကံဆိုတဲ့ အကြောင်းတရား ငါးပါးကို ကြိုးစားခဲ့မိကြသောကြောင့် ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်ရရှိကြရပါသည်။

ဥပမာအားဖြင့် ပြောရပါလျှင် အပင်အမျိုးမျိုးမှ မျိုးစေ့အသွယ်သွယ် ကျရောက် ပေါက်ပွားလာကြသောအခါ၊ ၎င်းမျိုးစေ့အသွယ်သွယ်မှ အပင်အမျိုးမျိုးကိုတဖန် ပေါက်ရောက်စေကြပြန်သဖြင့် အပင်

နှင့်မျိုး၊ မျိုးနှင့် အပင်များဟာ အမျှင်အပြတ်၊ ဒလစပ် ဆက်ခါ ဆက်ခါပေါက်ရောက်စည်ကား ကြီးပွားနေကြသလို—

ထို့အတူသာလျှင် ကံဆိုသော အကြောင်းတရားကြောင့် နာမ်ရုပ်တွေဖြစ်လိုက်ကြ၊ နာမ်ရုပ်ပေါ်မှာ ဖြစ်ပျက်မမြင်သောကြောင့် ကံဆိုသောအကြောင်းတရားတွေ ပြန်ကျိုးစားလိုက်ကြနှင့် သုံးဆယ့်တစ်ဘုံဆိုသော သံသရာကြီးထဲမှာ ကံနှင့်နာမ်ရုပ်တွေဟာ အမျှင်မပြတ် ဆက်ခါ ဆက်ခါ ဖြစ်ပွားလျက် နေကြပါသည်။

လူနတ်ဗြဟ္မာ သတ္တဝါတွေ သုံးဆယ့်တစ်ဘုံမှာ ဖြစ်ကြရတာဟာ သိကြားဗြဟ္မာ ထာဝရဘုရား စသည်များက ဖန်ဆင်းလို့ဖြစ်ကြရတာ မဟုတ်ပါဘူး။ အကြောင်းကုမ္ပတရားတွေကြောင့် အကျိုးဝိပါက တရားတွေ ဖြစ်ပေါ်လာရတာပဲဟု ဉာဏ်ဖြင့်သိကြရမည်ဆိုလိုပါသည်။

မေး။ ။ (၂) နံပါတ် လက်ာပါ မူလနှစ်ဖြာဆိုတာ ဘာကိုဆိုပါသလဲ။

ဖြေ။ ။ မူလနှစ်ဖြာဆိုတာ အဝိဇ္ဇာနှင့် တဏှာကို ဆိုပါသည်။

မေး။ ။ အဝိဇ္ဇာဆိုတာ အဘယ်အကြောင်း မူလဖြစ်ပါသလဲ။

ဖြေ။ ။ အဝိဇ္ဇာဆိုဘာ အတိတ်အကြောင်း မူလဖြစ်ပါသည်။

မေး။ ။ အတိတ်အကြောင်းမူလသည် ဘယ်ခန္ဓာကို ဖြစ်စေပါသလဲ။

ဖြေ။ ။ အတိတ်အကြောင်း မူလအဝိဇ္ဇာသည် ပစ္စုပ္ပန်ခန္ဓာကို ဖြစ်စေပါသည်။

မေး။ ။ အတိတ်အကြောင်း မူလအဝိဇ္ဇာရဲ့ သဘောကို ပြောပြပါ။

ဖြေ။ ။ သစ္စာလေးပါးကို မသိမှုကို အဝိဇ္ဇာဟု ခေါ်ပါသည်။

မေး။ ။ အဝိဇ္ဇာရဲ့ မသိပုံကို ခွဲခြမ်းစိတ်ဖြာပြီး ပြောပါ။

ဖြေ။ ။ ဆင်းရဲကျိုးအမှန်ဖြစ်သော ဒုက္ခသစ္စာကို မသိတာ အဝိဇ္ဇာပါ။
ဆင်းရဲကြောင်းအမှန် သမုဒယသစ္စာကို မသိတာ အဝိဇ္ဇာပါ။
ဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာကို မသိတာ အဝိဇ္ဇာပါ။
ဆင်းရဲချုပ်ကြောင်း အကျင့်အမှန်ဖြစ်သော မဂ္ဂသစ္စာကိုမသိတာကိုလဲ အဝိဇ္ဇာဟု ခေါ်ပါသည်။

တနည်းအားဖြင့် ဖြေကြားရမယ်ဆိုရင်–
သံသရာရဲ့ ရှေးအစွန်းကိုမသိတာ အဝိဇ္ဇာပါ။
သံသရာရဲ့ နောက်အစွန်းကိုမသိတာ အဝိဇ္ဇာပါ။

သံသရာရဲ့ရှေ့အစွန်း နောက်အစွန်း နှစ်ပါးစုံကိုမသိတာလဲအဝိဇ္ဇာပါ။ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ချုပ်ကြောင်းကို မသိတာလဲ အဝိဇ္ဇာဟု ခေါ်ပါသည်။

(မှတ်ချက်) သံသရာရဲ့ ရှေးအစွန်းဆိုတာသည် ရှေးအတိတ်ကာလက ဖြစ်ခဲ့သော ခန္ဓာ၊ အာယတန၊ ဓာတ်တို့ကို ဆိုသည်ဟုမှတ်ပါ။ နောက်အစွန်း ဆိုတာသည် နောင်အနာဂါတ်မှာ ဖြစ်ရမည့် ခန္ဓာ၊ အာယတန၊ ဓာတ်တို့ကို ဆိုသည်။

အဝိဇ္ဇာ

မေး॥ ॥ အဝိဇ္ဇာရဲ့ တရားကိုယ်ကို ကောက်ပြပါ။
ဖြေ॥ ॥ မောဟကို ကောက်ရပါသည်။

မေး॥ ॥ အဝိဇ္ဇာကိုပေါင်းရင် သံသရာရှည်မှာလား၊ တိုမှာလား။
ဖြေ॥ ॥ သံသရာရှည်မှာ ဖြစ်ပါသည်။

မေး॥ ॥ လူနတ်ပြဟ္မာ သတ္တဝါတွေကို အဘယ်တရားက ဖုံးကွယ်ထားပါသလဲ။
ဖြေ॥ ॥ အဝိဇ္ဇာဆိုသော တရားက ဖုံးကွယ်ထားပါသည်။

မေး॥ ॥ သုံးဆယ့်တစ်ဘုံမှာဖြစ်သော ဆင်းရဲမှုန်သမျှ အဘယ်တရားကြောင့် ဖြစ်ကြရပါသနည်း။
ဖြေ॥ ॥ အဝိဇ္ဇာကြောင့် ဖြစ်ကြရပါသည်။

မေး॥ ॥ ဒုဂ္ဂတိဘဝရကြောင်း ကံအပေါင်းတို့တွင် ထူးသောအကြောင်းတရားက အဘယ်တရား ဖြစ်ပါသလဲ။
ဖြေ॥ ॥ အဝိဇ္ဇာတရား ဖြစ်ပါသည်။

မေး॥ ॥ ဒုက္ခခပ်သိမ်း ကင်းငြိမ်းချင်ရင် အဘယ်တရားကို ပယ်သတ်ရမှာလဲ။
ဖြေ॥ ॥ အဝိဇ္ဇာကို ပယ်သတ်ရပါမည်။

မေး။ ။ အဝိဇ္ဇာကို အဘယ်ကဲ့သို့ ပယ်သတ်ရမှာလဲ။
ဖြေ။ ။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရဲ့အပေါ်မှာ ဖြစ်ပျက်မြင်အောင်ရှု၍ ပယ်သတ်ရပါမည်။

## တဏှာ

မေး။ ။ တဏှာဆိုတာ အဘယ် အကြောင်းမူလ ဖြစ်ပါသလဲ။
ဖြေ။ ။ တဏှာဆိုတာ ပစ္စုပ္ပန်အကြောင်းမူလ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန်အကြောင်းမူလတဏှာသည် အဘယ်ခန္ဓာကို ဖြစ်စေပါသလဲ။
ဖြေ။ ။ အနာဂါတ်ခန္ဓာကို ဖြစ်စေပါသည်။

မေး။ ။ ပစ္စုပ္ပန်အကြောင်းမူလတဏှာရဲ့ သဘောကို ပြောပြပါ။
ဖြေ။ ။ လိုချင်စုံမက် နှစ်သက်တွယ်တာ သာယာမြတ်နိုးမှုကို တဏှာဟု ခေါ်ပါသည်။

မေး။ ။ တဏှာရဲ့လိုချင်စုံမက်ပုံကို ခွဲခြမ်းစိတ်ဖြာ၍ ပြောပြပါ။
ဖြေ။ ။ ငါးဖြာအာရုံ ကာမဂုဏ်တွေရဲ့ အပေါ်မှာ လိုချင်စုံမက်တာကိုလဲ တဏှာဟု ခေါ်ပါသည်။ (ကာမတဏှာ)

ငါးဖြာအာရုံ ကာမဂုဏ်တွေ ခိုင်တယ်မြဲတယ်ဟူ၍ (သဿတဒိဋ္ဌိ) နှင့် ယှဉ်တွဲပြီး သာယာတာကိုလဲ တဏှာဟု ခေါ်ပါသည်။ (ဘဝတဏှာ)

ဘဝပြတ်သွားရင် ကောင်းမှာပဲဟူ၍ (ဉာဏ်မပါမူ၍) ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲပြီး ဘဝပြတ်မှုကို အရမ်းသာယာတာကိုလဲ တဏှာဟု ခေါ်ပါသည်။ (ဝိဘဝတဏှာ)

မေး။ ။ တနည်းအားဖြင့် တဏှာခြောက်ပါးကို ပြောပြပါ။
ဖြေ။ ။ အဆင်းမျိုးစုံ ရူပါရုံအပေါ်မှာ သာယာတာကို ရူပတဏှာခေါ်ပါသည်။

အသံမျိုးစုံသဒ္ဒါရုံအပေါ်မှာသာယာတာကိုသဒ္ဒတဏှာခေါ်ပါသည်။
အနံ့မျိုးစုံ ဂန္ဓာရုံအပေါ်မှာ သာယာတာကိုဂန္ဓတဏှာခေါ်ပါသည်။
အရသာမျိုးစုံ ရသာရုံအပေါ်မှာ သာယာတာကို ရသတဏှာ ခေါ်ပါသည်။

ဓတ္တွေထိစရာအဖို့ဖို့ ဖောဋ္ဌဗ္ဗာရုံတွေ အပေါ်မှာ သာယာတာကို ဖောဋ္ဌဗ္ဗတဏှာဟု ခေါ်ပါသည်။

ကြံတွေးစရာအဖို့ဖို့ ဓမ္မာရုံတွေရဲ့အပေါ်မှာ သာယာတာကို ဓမ္မတဏှာဟုခေါ်ပါသည်။

မေး။ ။ တနည်းအားဖြင့် တဏှာအစစ် တရာ့ရှစ်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ။ **ကာမတဏှာ**၊ဘဝတဏှာ၊ဝိဘဝတဏှာဆိုတဲ့ တဏှာသုံးပါးကို တည်ရပါမယ်။ ၎င်းတဏှာသုံးပါးကို ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံခြောက်ပါးနှင့် မြှောက်လိုက်ပါက တစ်ဆယ့်ရှစ်ပါး ရပါတယ်။

၎င်းတစ်ဆယ့်ရှစ်ပါးကို ကာလသုံးပါးဖြင့် မြှောက်ပြန်ပါက ၅၄ ပါးရပါတယ်။ ၎င်း ၅၄ ပါး ကိုအဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်ဆိုတဲ့သန္တာန် နှစ်ပါးဖြင့် မြှောက်ပြန်ပါက တဏှာအစစ် တရာ့ရှစ်ရရှိလာပါတယ်။

ဆောင်ပုဒ်၊ တဏှာသုံးတန်၊ တည်ထားခံ၊ အာ-ကာ-သန်နှင့် မြှောက်၊ တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏ထိုမျှလောက်။

မေး။ ။ တဏှာရဲ့တရားကိုယ်ကို ကောက်ပြပါ။

ဖြေ။ ။ လောဘကို ကောက်ရပါသည်။

မေး။ ။ တဏှာကိုပေါင်းကြရင် သံသရာရှည်မှာလား တိုမှာလား။

ဖြေ။ ။ သံသရာရှည်မှာ ဖြစ်ပါတယ်။

မေး။ ။ သုံးဆယ့်တစ်ဘုံမှာ ဖြစ်ပေါ်လာဆင်းရဲမှုန်သမျှ အဘယ်တရားက ပေးပါသလဲ။

ဖြေ။ ။ တဏှာဆိုသောတရားက ပေးတာဖြစ်ပါသည်။

မေး။ ။ ဒုဂ္ဂတိရကြောင်း ကံအပေါင်းတို့တွင် တူးသော အကြောင်းတရားက အဘယ်တရား ဖြစ်ပါသလဲ။

ဖြေ။ ။ တဏှာတရား ဖြစ်ပါသည်။

မေး။ ။ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းချင်ရင် အဘယ်တရားကို ပယ်သတ်ရမှာလဲ။

ဖြေ။ ။ တဏှာတရားကို ပယ်သတ်ရမှာ ဖြစ်ပါတယ်။

မေး ။ ။ တဏှာကိုအဘယ်ကဲ့သို့ ပယ်သတ်ရမှာလဲပြောပြပါ။

ဖြေ ။ ။ ဝေဒနာသုံးပါး တစ်ပါးပါးရဲ့ အပေါ်မှာ ဖြစ်ပျက်မြင်အောင်ရှု ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင် ရှု၍ ပယ်သတ်ရပါမည်။

မေး ။ ။ မူလနှစ်ဖြာကို အဘယ်အသွယ်ဟု ခေါ်ရပါသလဲ။

ဖြေ ။ ။ ပထမအသွယ်ဟု ခေါ်ပါသည်။

မေး ။ ။ ပထမအသွယ်ကို သိရခြင်းရဲ့ အကျိုးတရားကို ဖော်ပြပါ။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အသိဉာဏ်အားဖြင့် ပြုတ်ခြင်း အကျိုးရှိပါသည်။

မေး ။ ။ ဒိဋ္ဌိသုံးမျိုး ပြုတ်ပုံကိုရှင်းပြပါ။

ဖြေ ။ ။ မသိမှုဆိုတာ အဝိဇ္ဇာရဲ့သဘောပဲ၊ လိုခြင်မှုဆိုတာဟာ တဏှာရဲ့ သဘောပဲ၊ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါက မသိတာမဟုတ် လိုချင်တာမဟုတ် အဝိဇ္ဇာတဏှာမူလ နှစ်ဖြာရဲ့သဘောပဲဟု ဉာဏ်ထဲမှာ ရှင်းသွားသောကြောင့် သက္ကာယ ဒိဋ္ဌိလဲပြုတ်သွားပါတယ်။

ဤမူလနှစ်ဖြာဟာလဲ အဘယ်မူလမှ မခိုင်မြဲဘူး အဝိဇ္ဇာလဲဖြစ်ပြီး ရင်ပျက်ရမှာပဲ၊ တဏှာလဲဖြစ်ပြီးရင် ပျက်ရမှာပဲဟု အပျက်သဘောကို မြင်သောကြောင့်လဲ သဿတဒိဋ္ဌိ ပြုတ်ပြန်ပါတယ်။

ဤမူလနှစ်ဖြာဟာ ပျက်ပင်ပျက်ကြသော်လဲ အစတုံးပျောက်ပျက်ပြီး မသွားဘူး၊ အကြောင်းအားလျော်စွာ ပြန်ပြီးဖြစ်ကြဦးမှာပဲဟု အဖြစ်သဘောကို မြင်သောကြောင့်လဲ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြန်ပါတယ်။

မေး ။ ။ သစ္စာနှစ်ခုကို ပြောပြပါ။

ဖြေ ။ ။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး ။ ။ မြတ်စွာဘုရားရှင်သည် သစ္စာလေးပါး ဟောခဲ့တယ် မဟုတ်လား။ အဘယ်ကြောင့် စက်ဝိုင်းထဲမှာ သစ္စာနှစ်ပါးသာ ပြထားပါသလဲ။

ဖြေ ။ ။ သစ္စာလေးပါး ဟောခဲ့တာ မှန်ပါတယ်။ သို့သော်လဲ စက်ဝိုင်းထဲမှာ သစ္စာနှစ်ပါးသာ ပြထားတာက သတ္တဝါတွေ သံသရာလည်ကြတဲ့ အခါမှာ ဤဝဋ်သစ္စာနှစ်ပါးနှင့်သာ လည်နေတာကို သိစေလိုသော ကြောင့် သစ္စာနှစ်ပါးသာ ပြထားပါသည်။

မေး။ ။ ဝိဝဋ္ဋသစ္စာခေါ်သော မဂ္ဂသစ္စာနှင့် နိရောဓ သစ္စာကို အဘယ်အခါမှ ရကြမှာလဲ။

ဖြေ။ ။ တရားအားထုတ် ကြသောကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရသော အခါ ဤဝိဝဋ္ဋသစ္စာကို ရကြမှာဖြစ်ပါသည်။

မေး။ ။ သမုဒယသစ္စာကို ပွေ့ပိုက်ထားရမှာလား၊ ပါယ်ရမှာလား။

ဖြေ။ ။ ပါယ်ရမှာ ဖြစ်ပါသည်။

မေး။ ။ ဒုက္ခသစ္စာကို ဆုတောင်းရမှာလား၊ ပိုင်းခြား၍ ထားခဲ့ရမှာလား။

ဖြေ။ ။ ပိုင်းခြား၍ ထားခဲ့ရမှာ ဖြစ်ပါသည်။

မေး။ ။ သမုဒယသစ္စာသည် ဘာနှင့်တူပါသတဲ။

ဖြေ။ ။ မီးနှင့်တူပါသည်။

မေး။ ။ ဒုက္ခသစ္စာသည် ဘာနှင့်တူပါသလဲ။

ဖြေ။ ။ ထင်း(လောင်စာ)နှင့်တူပါသည်။

မေး။ ။ သမုဒယသစ္စာမီးနှင့် ဒုက္ခသစ္စာ လောင်စာသိမ်းသွားတာကို ဘာဟု ခေါ်ပါသလဲ။

ဖြေ။ ။ နိဗ္ဗာန်ဟု ခေါ်ပါသည်။

မေး။ ။ အကြောင်းကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ သမုဒယသစ္စာဟု ခေါ်ပါသည်။

မေး။ ။ အကျိုးကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာဟု ခေါ်ပါသည်။

မေး။ ။ အကြောင်းအကျိုး ဤနှစ်မျိုး ချုပ်ငြိမ်းရာကို ဘာ သစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ နိရောဓ သစ္စာဟုခေါ်ပါသည်။

မေး။ ။ အကြောင်းအကျိုး ဤနှစ်မျိုး ချုပ်ကြောင်းအကျင့်ကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ မဂ္ဂသစ္စာဟု ခေါ်ပါသည်။

မေး။ ။ မြတ်စွာဘုရားက သစ္စာလေးပါး ဟောကြားခဲ့သောကြောင့် လေးပါးစလုံး အကုန်ရှောက်ပြီး ကျင့်ကြံပွားများရမှာလား။

ဖြေ။ ။ မဟုတ်ပါ။ ယောဂီများက ဒုက္ခသစ္စာ တစ်မျိုးတည်းရဲ့ အပေါ်မှာ ပဋ္ဌိဝေဓဉာဏ်နှင့် ဒုက္ခသစ္စာ အစစ်အမှန်သာ ဖြစ်ပါပေ၏ဟူ၍ ပိုင်းခြား၍ သိလိုက်သည်နှင့်တပြိုင်နက်–
သမုဒယသစ္စာကိုလဲ ပယ်ပြီးသား ဖြစ်တော့၏။
နိရောဓသစ္စာကိုလဲ မျက်မှောက်ပြုပြီးသား ဖြစ်တော့၏။
မဂ္ဂသစ္စာကိုလဲ ပွားများပြီးသား ဖြစ်တော့၏။
ဒါကြောင့်
သိ၊ ပယ်၊ ဆိုက်၊ ပွား၊ လေးပါးအချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်းဟု ကျမ်းဂန်များက ဆိုထားပါသည်။

မေး။ ။ ထူးသော ဉာဏ်ဖြင့်ပိုင်းခြားရမည့် တရားကိုပြောပြပါ။
ဖြေ။ ။ ဥပါဒါနက္ခန္ဓာ ငါးပါးဖြစ်ပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် ပယ်ရမည့်တရားကို ပြောပြပါ။
ဖြေ။ ။ အဝိဇ္ဇာနှင့် ဘဝတဏှာ ဖြစ်ပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုမည့် တရားကို ပြောပြပါ။
ဖြေ။ ။ ဝိဇ္ဇာနှင့် ဝိမုတ္တိဖြစ်ပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် ပွားများရမည့် တရားကိုပြောပြပါ။
ဖြေ။ ။ သမထနှင့်ဝိပဿနာ ဖြစ်ပါသည်။

မေး။ ။ သစ္စာနှစ်ခုဆိုသော ဒုတိယအသွယ်ကို သိလိုက်သဖြင့် ဘာအကျိုးရှိပါသလဲ။
ဖြေ။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဤနှစ်ဖြာ စင်ကြယ်စေခြင်း အကျိုးရှိပါတယ်။
မေး။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ စင်ကြယ်သွားပုံကို ရှင်းပြပါ။
ဖြေ။ ။ယခု ဘဝ ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီး ရနေတာဟာ ရှေးအတိတ်ကာလက သမုဒယသစ္စာတွေ ကျူးစားခဲ့ပါသောကြောင့် ရနေတာဘဲလို့ ရှေးဖြစ်ကြောင်းကို သိလိုက်သဖြင့်လဲ ဝိစိကိစ္ဆာစင်ကြယ်

သွားပါသည်။ ယခု ဘဝရနေတာတွေဟာလဲ၊ ယောကျ်ားမိန်းမတွေ ရနေတာမဟုတ်၊ ဒုက္ခသစ္စာ အစုအပုံကြီး ရနေတာဘဲလို့ သိလိုက်သဖြင့်လဲ ဒိဋ္ဌိပြုတ်ပါသည်။

မေး။ ။လေးခုအလွှာကိုပြောပြပါ။
ဖြေ။ ။အတိတ်အကြောင်းတလွှာ၊ ပစ္စုပ္ပန်အကျိုးတလွှာ၊ ပစ္စုပ္ပန်အကြောင်းတလွှာ အနာဂါတ် အကျိုးတလွှာတို့ ဖြစ်ပါသည်။

မေး။ ။အတိတ်အကြောင်း တလွှာကို တရားကိုယ်ထောက်ပြပါ။
ဖြေ။ ။အဝိဇ္ဇာနှင့် သင်္ခါရ ဖြစ်ပါသည်။

မေး။ ။ပစ္စုပ္ပန်အကျိုးတလွှာ၊ တရားကိုယ်ထောက်ပြပါ။
ဖြေ။ ။ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ပါသည်။

မေး။ ။ပစ္စုပ္ပန် အကြောင်းတလွှာ တရားကိုယ်ထောက်ပြပါ။
ဖြေ။ ။တဏှာ၊ ဥပါဒါန်ကမ္မဘဝတို့ ဖြစ်ပါသည်။

မေး။ ။အနာဂါတ် အကျိုးတလွှာ၊ တရားကိုယ်ထောက်ပြပါ။
ဖြေ။ ။ဇာတိနှင့် ဇရာမရဏတို့ ဖြစ်ပါသည်။

မေး။ ။အတိတ်အကြောင်း တလွှာသည် ဘာသစ္စာဖြစ်ပါသလဲ။
ဖြေ။ ။သမုဒယသစ္စာ ဖြစ်ပါသည်။

မေး။ ။ပစ္စုပ္ပန် အကျိုးတလွှာ ဘာသစ္စာဖြစ်ပါသလဲ။
ဖြေ။ ။ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။ပစ္စုပ္ပန် အကြောင်းတလွှာ ဘာသစ္စာ ဖြစ်ပါသလဲ။
ဖြေ။ ။သမုဒယ ဖြစ်ပါသည်။

မေး။ ။အနာဂါတ်အကျိုးတလွှာ ဘာသစ္စာ ဖြစ်ပါသလဲ။
ဖြေ။ ။ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။အင်္ဂါ ၁၂ ပါးကို သေချာစွာ ရေပြပါ။
ဖြေ။ ။အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏတို့ ဖြစ်ပါသည်။

(မှတ်ချက်) ဇာတိက အင်္ဂါတပါး ဇရာမရဏနှစ်ပါးတွဲက အင်္ဂါတပါးဟု ယူပါ။

မေး။ ။အင်္ဂါ ၁၂ ပါးပြ၊ ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်ကို ဆိုပြပါ။

ဖြေ။ ။အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာဝိညာဏံ၊ဝိညာဏပစ္စယာ နာမရူပံ နာမရူပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါန ပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿသမုဒ ယောဟောတိ ဖြစ်ပါသည်။

မေး။ ။စက်ဝိုင်းဒေသနာတော်ကြီးမှာ အင်္ဂါ၁၂ ပါးနှင့် အကွက် ၄ ကွက်တို့ ယှဉ်တွဲဖော်ပြပါ။

ဖြေ။ ။အဝိဇ္ဇာ၊ သင်္ခါရ။ အင်္ဂါနှစ်ပါးသည် (၁)အကွက်မှာ ပါပါသည်။
ဝိညာဏ်နာမ်ရုပ်သဠာယတန၊ ဖဿ၊ ဝေဒနာအင်္ဂါ (၅) ပါးသည် (၂)ကွက်မှာ ပါပါသည်။
တဏှာဥပါဒါန် ကမ္မဘဝအင်္ဂါ(၃)ပါးသည်(၃) အကွက်မှာ ပါပါသည်။
ဇာတိဇရာ မရဏ အင်္ဂါနှစ်ပါးသည်(၄)အကွက်မှာ ပါပါသည်။

မေး။ ။အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု ဟောသောနေရာမှာ ပစ္စယာပုဒ်ရဲ့ သဘောကို ရှင်းပြပါ။

ဖြေ။ ။ပစ္စယာဆိုသော ပုဒ်သည် နှစ်ဘက်ငဲ့ပါသည်။အဝိဇ္ဇာကိုလဲ ငဲ့ပါသည်။ သင်္ခါရကိုလဲ ငဲ့ရပါသည်။
ကျမ်းဂန်များ၌ ကာကောလောကန နည်းဆိုတာ ရှိပါသည်။ ကျီးတစ်ကောင်သည် အစာကိုလဲစား၊ ရန်သူကိုလဲကြည့် ဆိုသလို နှစ်ဘက်ငဲ့ပါသည်။ ပစ္စယာအကြောင်းကြောင့်ဆိုသော သဘောဖြစ်ပါသည်။

မေး။ ။အဝိဇ္ဇာရဲ့သဘောကို ထပ်ပြီးရှင်းပေးပါ။

ဖြေ။ ။သိကောင်းတာ မသိ၊ မသိကောင်းတာ သိတာဟာ အဝိဇ္ဇာပါ။

မေး။ ။သိကောင်းတာနှင့် မသိကောင်းတာကို ရှင်းပြပါ။
ဖြေ။ ။အဝိဇ္ဇာရှိသော သူများသည် သိကောင်းသော မဂ်ဖိုလ် နိဗ္ဗာန်နှင့် ရောက်ကြောင်း အကျင့်ကို မသိကြ၍ မသိကောင်းသော ဝါဆို မတောင်းကောင်းသော လူ့ပြည် နတ်ပြည်ကြတော့ သိပါသည်။

မေး။ ။အဝိဇ္ဇာရှိသော(မသိသော)ပုဂ္ဂိုလ်များသည် ဘာတွေကိုပြုမိကြသလဲ။
ဖြေ။ ။သင်္ခါရသုံးမျိုးကို ပြုမိကြပါသည်။

မေး။ ။သင်္ခါရသုံးမျိုးကို သရုပ်နှင့်တကွ သဘောကို ရှင်းပြပါ။
ဖြေ။ ။ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့ ဖြစ်ပါသည်။ တနည်းအားဖြင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့ ဖြစ်ပါသည်။

ပုညကကုသိုလ်ပါ။ အပုညက အကုသိုလ်ပါ အဘိသင်္ခါရ-ကခန္ဓာ ရအောင် ပြုလုပ်တာကို ဆိုပါသည်။

အာနေဉ္ဇက မတုန်မလှုပ် ခိုင်မြဲတည်ကြည်သော အရူပကုသိုလ်ပါ။ အဘိသင်္ခါရက ခန္ဓာရအောင် ပြုလုပ်တာပါ။

သဘောတရားကို ရှင်းပြပါမည်။

သစ္စာမသိမှုကို အကြောင်းခံပြီးလျှင် လူ့ပြည် နတ်ပြည် ရူပါဝစရ ဗြဟ္မာပြည် ရောက်ကြောင်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်တာကို ပုညာဘိသင်္ခါရလို့ ခေါ်ပါသည်။ သစ္စာမသိမှုကို အကြောင်းခံပြီးလျှင် အပါယ်လေးပါးရောက်ကြောင်း၊ မကောင်းမှု အကုသိုလ် ဒုစရိုက်များကို ပြုလုပ်တာကို အပုညာဘိ သင်္ခါရလို့ ခေါ်ပါသည်။

သစ္စာမသိမှုကို အကြောင်းခံပြီးလျှင် အရူပ ဗြဟ္မာပြည် ရောက်ကြောင်း အရူပ ကုသိုလ်များကို ပြုလုပ်တာကို အာနေဉ္ဇာဘိ သင်္ခါရလို့ ခေါ်ပါသည်။

ကာနဲ၊ သင်္ခါရသုံးမျိုး

လှုပ်ရှားခြင်းစသော ကိုယ်အမှုအရာကို ဖြစ်စေတာကို ကာယသင်္ခါရလို့ ခေါ်ပါသည်။

မွှက်ဆိုခြင်းစသော နှုတ်အမူအရာကို ဖြစ်စေတာကို ဝစီ သင်္ခါရလို့ ခေါ်ပါသည်။

ကြံစည် စိတ်ကူးခြင်း စသော စိတ်အမူအရာကို ဖြစ်စေတာကို စိတ္တ သင်္ခါရလို့ ခေါ်ပါသည်။

မေး၊ ။ဤသင်္ခါရတွေ မဖြစ်ရအောင် ပုဂ္ဂိုလ်နေနိုင်ပါမလား။

ဖြေ။ ။ဘုရားနှင့် ရဟန္တာ ပုဂ္ဂိုလ်တို့သာလျှင် နေနိုင်ပါသည်။

ကျန်သော ပုထုဇဉ်မှစ၍ အနာဂါမ်တိုင်အောင် ပုဂ္ဂိုလ်များသည် (အဝိဇ္ဇာ မကင်းသေးသောကြောင့်) ဤသင်္ခါရတွေမှ မဖြစ်အောင် မနေနိုင်ကြပါ။

မေး။ ။ပုညာဘိ သင်္ခါရနှင့် အာနေဉ္ဇာဘိ သင်္ခါရများ ပြုလုပ်ရင် နိဗ္ဗာန် ရောက် မရောက် ပြောပြပါ။

ဖြေ။ ။မရောက်နိုင်ပါ။ ဘာကြောင့်လဲဆိုရင် ၎င်းသင်္ခါရနှစ်ပါးစလုံး သမုဒယ သစ္စာချည်း ဖြစ်နေသောကြောင့် မရောက်နိုင်ပါ။

မေး။ ။အဝိဇ္ဇာဦးစီးပြီး ပြုလုပ်မိကြသော သင်္ခါရသုံးမျိုးသည် လောကုတ္တရာ ချမ်းသာ သုခကို ပေးနိုင်ပါမလား။

ဖြေ။ ။မပေးနိုင်ပါ။ ဘာကြောင့်ပါလဲဆိုရင် အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာ ကြသော သင်္ခါရတွေဟာ အဝိဇ္ဇာ၏ လက်အောက်ခံဖြစ်သော ဇာတိ ဇရာ မရဏတို့ ညှင်းဆဲနေကြသော သုံးဆယ့်တဘုံ သံသရာထောင်ထဲ မှာသာ ဖြစ်အောင် ပြုလုပ်ပေးကြမှာ ဖြစ်ပါသည်၊

မေး။ ။ပုညာဘိ သင်္ခါရကို တရားကိုယ်ကောက်ပြပါ။

ဖြေ။ ။ကာမာဝစာရ ကုသိုလ်စေတနာ ၈-ခု၊ ရူပါဝစရ ကုသိုလ်စေတနာ ၅-ခုကို ကောက်ရပါသည်၊

မေး။ ။အပုညာဘိ သင်္ခါရကို တရားကိုယ်ကောက်ပြပါ။

ဖြေ။ ။အကုသိုလ် စေတနာ ၁၂-ခုကို ကောက်ရပါသည်။

မေး။ ။အာနေဉ္ဇာဘိ သင်္ခါရကို တရားကောက်ပြပါ။

ဖြေ။ ။အရူပါဝစရ ကုသိုလ်စေတနာ ၄-ခုကို ကောက်ရပါသည်။

မေး။ ။သင်္ခါရသုံးပါးကို ပြုလုပ်မိကြရင် ဘာတွေကို ဆက်ရမှာလဲ။
ဖြေ။ ။ဝိညာဏ်မျိုးစုံ အဖုံဖုံကို ရကြမှာ ဖြစ်ပါသည်။

မေး။ ။အဘယ်သင်္ခါရကိုပြုရင် အဘယ်ဝိညာဏ်ကို ရမည်ဆိုတာ ခွဲခြမ်းစိတ်ဖြာ၍ ပြောပြပါ။
ဖြေ။ ။ပုညာဘိသင်္ခါရကိုပြုရင် လူဝိညာဏ် နတ်ဝိညာဏ် ရူပဗြဟ္မာဝိညာဏ် ကို ရမှာ ဖြစ်ပါတယ်။ အပုညာဘိသင်္ခါရကို ပြုရင် အပါယ် လေးပါး ဝိညာဏ်ကိုရမှာဖြစ်ပါတယ်။ အာနေဉ္ဇာဘိ သင်္ခါရကိုပြုရင် အရူပဗြဟ္မ ဝိညာဏ်ကို ရမှာဖြစ်ပါတယ်။

မေး။ ။ဝိညာဏ်တွေကို ရခြင်းရဲ့ အကြောင်းတရားများကို ပြောပြပါ။
ဖြေ။ ။အဝိဇ္ဇာက ဝိညာဏ်တမျိုးမျိုးကို ရရင် ဒုက္ခသစ္စာကို ပြန်ရမှာဘဲလို့ (ဒုက္ခသစ္စာ)ဆိုတဲ့ အပြစ်ကို မမြင်ရအောင် ဖုံးကွယ်ပေးပါတယ်။ တဏှာက ဘုံဘဝတွေကိုရအောင် ညွှတ်ပေးပါတယ်။

ကံသင်္ခါရတရားက (ဝိညာဏ် တမျိုးမျိုးရအောင်) ဇနက သတ္တိနှင့် ပစ်ချပေးပါတယ်။ ဤအကြောင်းတရား သုံးပါးလဲစုံပါရော ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပေါ်လာတော့တာပါဘဲ။

မေး။ ။ဆောင်ပုဒ်ကို ဆိုပြပါ။
ဖြေ။ ။အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွှတ်ပေး၊
ကံ, သင်္ခါရ၊ ဇနက၊ ပြစ်ချဖြစ်စေမူ။
အကြောင်းသုံးဖော်၊ ညီစေသော်၊ ဖြစ်ပေါ်သန္ဓေစုဖြစ်ပါတယ်။

မေး။ ။သင်္ခါရတွေကြောင့် ဝိညာဏ်တွေဖြစ်ကြရတယ်ဆိုတာဘာကြောင့်ပါလဲ။
ဖြေ။ ။ပြုလုပ်ဆည်းပူးအပ်ပြီးသော အကြောင်းကံတွေမရှိဘူးဆိုရင် အကျိုး ဝိပါတ်တွေ ဘယ်အခါမှ ဖြစ်ရိုးထုံးစံမရှိပါ။ သို့အတွက် သင်္ခါရတွေ ကြောင့်သာ ဝိညာဏ်တွေဖြစ်ကြရပါတယ်။

မေး။ ။ဝိညာဏ်ဆိုသော ပုဒ်အရ၊ အဘယ်ဝိညာဏ်ယူရမှာလဲ။
ဖြေ။ ။ပဋိသန္ဓေဝိညာဏ်ကို ယူရပါတယ်။

မေး။ ။ ဝိညာဏ်နှစ်မျိုးကို ပြောပြပါ။

ဖြေ။ ။ ပဋိသန္ဓေဉာဏ်တစ်မျိုး၊ ပဝတ္တိဝိဉာဏ်ကတစ်မျိုးအားဖြင့် ဝိဉာဏ် နှစ်မျိုး ရှိပါသည်။

မေး။ ။ ဝိဉာဏ်နှစ်မျိုးကို တရားကိုယ်ကောက်ပြပါ။

ဖြေ။ ။ ပဋိသန္ဓေစိတ် ၁၉ ခုသည် ပဋိသန္ဓေဝိဉာဏ်ဖြစ်ပါတယ်။ လောကီဝိပါတ်စိတ် ၃၂ ခုသည် ပဝတ္တိဝိဉာဏ်ဖြစ်ပါသည်။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ကြောင့် ကျိုးဆက်ပုံကို ပြောရမယ် ဆိုရင် ပဋိသန္ဓေစိတ်သည် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဉပါဒါန်၊ ဘဝဆိုသော အတိတ် အကြောင်းအခြင်းအရာ ငါးပါးကြောင့်ဖြစ်ရ ပါသည်။ ထိုသို့ဖြစ်တဲ့အခါမှာလဲ ယောကျ်ား မိန်းမဖြစ်တာမဟုတ်၊ ရုပ်နာမ်နှစ်ပါးမျှသာ ဖြစ်တာပါ။ ထိုပဋိသန္ဓေဝိဉာဏ်စိတ်သည် လွန် ခဲ့ပြီးသော အတိတ်ဘဝက ဤဘဝသို့ရောက်အောင် ပြောင်းရွှေ့ လာတာမဟုတ်ပါ။

အတိတ်က အဝိဇ္ဇာ သင်္ခါရစသော တရားများကို ကြည့်ပြီးတော့လဲ ဤဘဝမှာ လာဖြစ်ရတာ မဟုတ်ပါ။

မေး။ ။ ပဋိသန္ဓေဝိဉာဏ်စိတ် ဤဘဝကို ရောက်အောင်ပြောင်းရွှေ့၍ မလာ ပုံကို ဉပမာဆောင်၍ ပြောပြပါ။

ဖြေ။ ။ လောကမှာ ပဲ့တင်သံဆိုတာ ရှိပါတယ်။ တိုက်ကြီးတစ်ခုရဲ့ ဤဘက် စွန်းကနေ ဟေးလို့ခပ်ကျယ်ကျယ်အော်လိုက်ရင် ဟိုဘက်အစွန်းကနေ ဟေးလို့ဆိုတဲ့ အသံကို ပြန်ကြားရပါတယ်။ အဲဒါပဲ့တင်သံပါပဲ။ ဒီ ပဲ့တင်သံသည် မူလအသံမဟုတ်ပါ။ မူလအသံနှင့်ကင်း၍လည်း ပဲ့တင် သံ မဖြစ်နိုင်ပါ။ ဤပဲ့တင်သံကဲ့သို့ ပဋိသန္ဓေစိတ်သည် ဟိုအတိတ် ဘဝက တိုက်ရိုက်ပြောင်းရွှေ့လာတာမဟုတ်ပါ။ အတိတ်က အဝိဇ္ဇာ သင်္ခါရစသော အကြောင်းတရားများကိုကြည့်ပြီးတော့လဲ ဖြစ်လာတာ မဟုတ်ပါ။ ဆီမီးဉပမာ၊ တံဆိပ်ဉပမာ စသည်တို့ဖြင့်လဲ သိနိုင်ပါ သည်။

မေး။ ။ ဤသဘောတရားများ ဉာဏ်ထဲမှမရှင်းပါက အဘယ်ဒိဋ္ဌိတွေ ဖြစ်နိုင်ပါသလဲ၊ ရှင်းပြပါ။

ဖြေ။ ။ ပဋိသန္ဓေဝိဉာဏ်စိတ်က အတိတ်ဘဝကနေ ဤဘဝ ရောက်အောင် ပြောင်းရွှေ့လာတာပဲလို့ ယူရင် သဿတဒိဋ္ဌိဖြစ်ပါသည်။ ပဋိသန္ဓေဝိဉာဏ်စိတ်သည် အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ စသော အကြောင်းတရားတွေနှင့် လုံးဝဆက်သွယ်မှုမရှိဟုယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပြန်ပါသည်။

မေး။ ။ဤဒိဋ္ဌိနှစ်ပါးဖြစ်လျှင် အဘယ်အပြစ်သင့်မှာလဲ။

ဖြေ။ ။မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်တော့ပါ။

မေး။ ။သင်္ခါရအကြောင်းခံသောကြောင့်သာ ဝိဉာဏ်ဖြစ်ရပ်ကို ဘုရားရှင်က ဘယ်လိုများ ဟောခဲ့ပါသလဲ။

ဖြေ။ ။သင်္ခါရ ပစ္စယာ ဝိဉာဏံလို့ ဟောခဲ့ပါတယ်။

မေး။ ။ဝိဉာဏ်ဟူသော အကြောင်းကြောင့် အဘယ်တရားတွေ ဖြစ်လာပါသလဲ။

ဖြေ။ ။နာမ်နှင့် ရုပ်တွေ ဖြစ်လာပါတယ်။

မေး။ ။ဘုရားရှင်က ပါဠိတော်မှာ ဘယ်လိုဟောခဲ့ပါသလဲ။

ဖြေ။ ။ဝိညာဏပစ္စယာ နာမရူပံလို့ ဟောခဲ့ပါတယ်။

မေး။ ။ဝိညာဏံအရ အဘယ်နာမ် ယူရမှာလဲ

ဖြေ။ ။စိတ်ဆိုသောအကြောင်း နာမ်ကိုယူရပါသည်။

မေး။ ။နာမရူပံအရ အဘယ်နာမ်နှင့် အဘယ်ရုပ်ကို ယူရမှာလဲ။

ဖြေ။ ။နာမအရ စေတသိက်နာမ်ကို ယူရပါသည်။
ရူပအရ ကမ္မဇရုပ်ကို ယူရပါသည်။

မေး။ ။အကြောင်းနာမ်နှင့် အကျိုးနာမ်နှစ်ပါးကို ခွဲပြပါ။

ဖြေ။ ။စိတ်တရားသည် အကြောင်းနာမ်ဖြစ်ပါသည်။
စေတသိက်တရား သည် အကျိုးနာမ်ဖြစ်ပါသည်။

မေး။ ။စိတ်ဆိုသော အကြောင်းနာမ်ကြောင့် စေတသိက်ဆိုသော အကျိုးနာမ်ဖြစ်ပုံကို ထင်ရှားအောင် ပြောပြပါ။

ဖြေ။ ။ကျမ်းဂန်များ၌ စေတသိက်နာမ်တရားတွေကို စိတ္တာနုပရိဝတ္တိနောဓမ္မာ၊ စိတ်၏နောက်သို့လိုက်၍ဖြစ်သောတရားတို့ဟူ၍လည်းကောင်း၊ မနောပုဗ္ဗင်္ဂမာဓမ္မာ စိတ်ရှေ့သွားသောစိတ်နာမ်ကြောင့် စေတသိက်နာမ်များ ဖြစ်ရခြင်းသည် ထင်ရှားလှပါတယ်။

စိတ်ကြည်လင်ရင် ရုပ်ကြည်လင်ပုံ စိတ်မကြည်ရင် ရုပ်မကြည်ပုံကို မြင်ရသောကြောင့်လဲ ဝိညာဏ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်ခြင်းဟာ ထင်ရှားပါတယ်။

ထင်ရှားစွာဖြစ်သော စိတ္တဇရုပ်ဖြစ်ပုံကို ထောက်ထားသောအားဖြင့် ကမ္မဇရုပ်တွေဟာလဲ ဝိညာဏ်ကြောင့် ဖြစ်ရပုံကို သိရပါတယ်။

မေး။ ။နာမ်ရုပ်နှစ်ပါး အကြောင်းခံလျှင် အဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။

ဖြေ။ ။သဠာယတန ခြောက်ပါးဆက် ဖြစ်ပါတယ်။

မေး။ ။ဘုရားရှင်က အဘယ်လို ဟောခဲ့ပါသလဲ။

ဖြေ။ ။နာမရူပ ပစ္စယာ သဠာယတနံလို့ ဟောခဲ့ပါတယ်။

မေး။ ။သဠာယတနဆိုသော ပါဠိအရ အာယတန ဘယ်နှစ်ပါးကို ယူရမှာလဲ။

ဖြေ။ ။သဠာယတနဆိုတာ အမှန်က ဆာအာယတန ပါဘဲ၊ သို့အတွက် အာယတန ခြောက်ပါးကို ယူရပါတယ်။

မေး။ ။အာယတန ခြောက်ပါးကို ပါဠိ မြန်မာ နှစ်မျိုးခွဲ၍ ရေးပြပါ။

ဖြေ။ ။စက္ခာယတန မျက်စေ့အကြည်
သောတာယတန နားအကြည်
ဃာနာယတန နှာခေါင်းအကြည်
ဇိဝှါယတန လျှာအကြည်
ကာယာယတန ကိုယ်အကြည်
မနာယတန စိတ်အကြည်တို့ ဖြစ်ကြပါတယ်။

မေး။ ။အာယတနရဲ့ သဘောကို ရှင်းပြပါ။

ဖြေ။ ။ရှည်လျားလှစွာသော သံသရာဝဋ်ဆင်းရဲကို ချဲ့တတ်သောကြောင့် အာယတနလို့ ခေါ်ပါတယ်။

မေး။ ။အဘယ်ဘုံမှာ အဘယ် အာယတန ရနိုင်တယ်ဆိုတာ ခွဲပြပါ။

ဖြေ။ ။အရူပ လေးဘုံမှာ မနာယတန တပါး ရပါတယ်။

ရူပ ၁၅-ဘုံမှာ စက္ခာယတန၊ သောတာယတန၊ မနာယတနဆိုသော အာယတန သုံးပါး ရပါတယ်။

ကာမ ၁၁ ဘုံမှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနာ ဟူသော အာယတန ခြောက်ပါးလုံး ရပါတယ်။

မေး။ ။အာယတန ခြောက်ပါးတို့၏ တည်ရာကို အသီးသီး ခွဲပြပါ။

ဖြေ။ ။စက္ခာယတနခေါ် စက္ခုပသာဒသည် မျက်နက်ဝန်းအလယ်၊ အရိပ်ထင်ရာရှိသော မျက်လွှာခုနှစ်ထပ်ကို အကြည်ဓာတ်နှံ့စေလျက် တည်ပါတယ်။

ပမာဏအားဖြင့် သန်းဦးခေါင်း ပမာဏ ရှိပါတယ်။

သောတာယတနခေါ် သောတပသာဒသည် နားအုံအတွင်း နေသောအမွေးနီတို့ စိစိညာညာ ပေါက်ရောက်ရာ၌ အကြည်ဓာတ်နှံ့စေလျက် တည်ပါတယ်၊လက်စွပ်ကွင်းသဏ္ဌာန် ရှိပါတယ်။

ဃာနာယတနခေါ် ဃာနပသာဒသည်နှာခေါင်းအုံအတွင်း ဆိတ်ခွာသဏ္ဌာန်အရပ်၌ အကြည်ဓာတ်နှံ့စေလျက် တည်ပါတယ်။

ဇိဝှါယတနခေါ် ဇိဝှါပသာဒသည် လျှာလယ်အထက် ကြာပွင့်ဖပ်အဖျားပိုင်းသဏ္ဌာန်အရပ်၌ အကြည်ဓာတ် နှံ့စေလျက် တည်ပါသည်။

ကာယာတနခေါ် ကာယပသာဒသည် တကိုယ်လုံးအကြည်ဓာတ် နှံ့စေလျက် တည်ပါတယ်။

မေး။ ။ကာယပသာဒသည် တကိုယ်လုံး ဘယ်နေရာမဆို အကုန် တည်ပါသလား။

ဖြေ။ ။မတည်ပါ။ မတည်နိုင်သော နေရာများမှာဆိုရင် ပါစကတေဇော တည်ရာ၊ အစာသစ်အိမ်၊ ဆံပင်ဖျား၊ မွေးညှင်းဖျားတို့၌ မတည်နိုင်ပါ။

မေး။ ။အာယတန ခြောက်ပါးတို့ ဥပမာနှင့်ယှဉ်တွဲပြီး ပြောပြပါ။

ဖြေ။ ။စက္ခုခေါ်သော မျက်စိသည် မြွေနှင့်တူပါသည်။အရှုပ်ကြိုက်ပါသည်၊ သောတခေါ်သော နားသည် မိချောင်းနှင့် တူပါသည်၊ နက်ရှိုင်းရာကို ကြိုက်ပါသည်။ ဃာနခေါ်သော နှာခေါင်းသည် ငှက်နှင့်တူ၍ ကောင်းကင်လေထဲ၌ မွေ့လျော်ပါသည်။

ဇိဝှါခေါ်သော လျှာသည် အိမ်ခွေးနှင့် တူပါသည်။ မီးဖိုချောင်ကို ကြိုက်သည်။

ကာယ ခေါ်သော ကိုယ်သည် တောခွေးနှင့် တူပြီး တောခွေးများသည် သုဿာန်၌ လူသားစား၍ လူသေကိုမှီပြီး အိပ်သလို ရုပ်အဖော်တခုကို မှီချင်သောသဘော ရှိပါသည်။

မနခေါ်သော စိတ်သည် တောမျောက်နှင့်တူပါတယ်။ သစ်တပင်မှ တပင်သို့ ခုန်ကူးချင်သလို အာရုံတခုမှ အာရုံတခုသို့ပြောင်းပြီး စိတ်ကူးချင်ပါတယ်။

မေး။ ။ဆောင်ပုဒ်များကို ဆိုပြပါ။

ဖြေ။ ။မျက်စိဆိုတာ၊ မြွေပမာ၊ လွန်စွာအရှုပ်ကြိုက်
နားဆိုတာဟာ၊ မိချောင်းပမာ လွန်စွာအအေးကြိုက်
နှာခေါင်းဆိုတာ ငှက်ပမာ လွန်စွာကောင်းကင်ကြိုက်
လျှာဆိုတာဟာ ခွေးပမာ လွန်စွာမီးဖိုကြိုက်
ကိုယ်ဆိုတာဟာ တောခွေးပမာ လွန်စွာအိပ်ရာကြိုက်
စိတ်ဆိုတာဟာ မျောက်ပမာ လွန်စွာအဆော့ကြိုက်။

မေး။ ။သဠာယတနာ ခြောက်ပါးက အဘယ်တရားများကို ဖြစ်စေပါသလဲ။

ဖြေ။ ။ဖဿခြောက်ပါးကို ဖြစ်စေပါသည်။

မေး။ ။ဘုရားရှင်က ဘယ်လိုဟောခဲ့ပါသလဲ။
ဖြေ။ ။သဠာယတန ပစ္စယာဖဿောလို့ ဟောခဲ့ပါတယ်။

မေး။ ။ဖဿခြောက်ပါးကို ပါဠိ မြန်မာ ၂ မျိုး ပြောပြပါ။
ဖြေ။ ။စက္ခုသမ္ဖဿ မြင်တွေ့ဖဿ
သောတသမ္ဖဿ ကြားတွေ့ဖဿ
ဃာနသမ္ဖဿ နံတွေ့ဖဿ
ဇိဝှါသမ္ဖဿ စားတွေ့ဖဿ
ကာယသမ္ဖဿ ထိတွေ့ဖဿ
မနောသမ္ဖဿ ကြုံတွေ့ဖဿတို့ ဖြစ်ပါတယ်။

မေး။ ။ဖဿရဲ့ တရားကိုယ်ကို ပြောပြပါ။
ဖြေ။ ။လောကီဝိပါတ် ၃၂ ခုဌ် ရှိသော ဖဿကို ဆိုပါတယ်။

မေး။ ။ဖဿရဲ့သဘောကို ထင်ပေါ်အောင် ပြောပြပါ။
ဖြေ။ ။နွားနှစ်ကောင် တိုက်ကြ ခတ်ကြ တွေ့ကြတာကိုမြင်ကြသောအခါ တစ်ကောင်ကို စက္ခုခတ်ကဲ့သို့ မှတ်ရမယ်၊ တစ်ကောင်ကို ရူပခတ်ကဲ့သို့ မှတ်ရမယ်။ ဦးခေါင်းချင်းဆိုင် ထိတာကို ဖဿကဲ့သို့ မှတ်ရမယ်။

သို့သော်လဲ

ဖဿဆိုတဲ့ သဘောသည် တကယ်လာထိတာ မဟုတ်ပါဘူး။ ဝမ်းသာဖွယ်အာရုံ၊ ဝမ်းနည်းဖွယ် အာရုံများကို မြင်ရ ကြားရသော အခါထိုထို ဝတ္ထုဒွါရမှာ ရှိသောစိတ်ကို လာထိသကဲ့သို့ အချင်းအရာ မျှသာ ဖြစ်တာပါဘဲ။

ပေါ်လွင်အောင် ပြောရမယ်ဆိုရင် ချဉ်သီး စားနေတဲ့သူကို မြင်ရလျှင် မိမိခံတွင်းထဲ အချဉ်သီး ရောက်လာသလို သွားရည်တွေ ကျလာသောသဘောလို့ မှတ်ရမယ်။

တစုံတခုသော ရေးခြစ်သံကိုကြားရရင် မိမိသွားကို လာမထိ သော်လဲ လာထိသလို သွားကျိန်းတဲ့သဘောလို့ မှတ်ရမယ်။

လူတယောက်က သစ်ပင်ထိပ်ဖျားတက်နေတာကို မြင်ရရင် မိမိက သစ်ပင်ပေါ်မရောက်သော်လဲ ရောက်နေသလို ဒူးတုန်တဲ့သဘောလို့ မှတ်ရပါမယ်။

မေး။ ။ဖဿခြောက်ပါး အကြောင်းခံရင် ဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။
ဖြေ။ ။ဝေဒနာတွေ ဆက်ပြီးတော့ ဖြစ်ပြန်ပါတယ်။

မေး။ ။ဘုရားကပါဠိတော်မှာ ဘယ်လိုဟောထားပါသလဲ။
ဖြေ။ ။ဖဿပစ္စယာ ဝေဒနာလို့ ဟောပါတယ်။

မေး။ ။ဝေဒနာရှိသတောကို ပြောပြပါ။
ဖြေ။ ။အကျဉ်းအားဖြင့် ခံစားမှုသဘောကို ဝေဒနာဟု ခေါ်ပါတယ်။

မေး။ ။ဝေဒနာအမျိုးမျိုး ကွဲပြားပုံကို ရှင်းပြပါ။
ဖြေ။ ။အာရုံ၏အရသာကို ခံစားခြင်းအားဖြင့်....

| | |
|---|---|
| အာရုံကောင်းလျှင် | သုခဝေဒနာ |
| အာရုံညံ့လျှင် | ဒုက္ခဝေဒနာ |
| အာရုံအလယ်စားဖြစ်လျှင် | ဥပေက္ခာဝေဒနာလို့ |

သုံးမျိုးပြားပါတယ်။

အကြီးအကဲဣန္ဒြေအားဖြင့်

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာအားဖြင့် ငါးမျိုးပြားပါတယ်။

ဒွါရအစွမ်းအားဖြင့်

| | |
|---|---|
| စက္ခုသမ္ဖဿဇာ ဝေဒနာ | မြင်တွေ့ခံစား |
| သောတသမ္ဖဿဇာဝေဒနာ | ကြားတွေ့ခံစား |
| ဃာနသမ္ဖဿဇာဝေဒနာ | နံတွေ့ခံစား |
| ဇိဝှာသမ္ဖဿဇာ ဝေဒနာ | စားတွေ့ခံစား |
| ကာယသမ္ဖဿဇာဝေဒနာ | ထိတွေ့ခံစား |
| မနောသမ္ဖဿဇာ ဝေဒနာ | ကြုံတွေ့ခံစား |

အားဖြင့် ခြောက်ပါးပြားပါသည်။

မေး။ ။ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားပုံနှင့်အတူ ဖြစ်ဘက်ဖြစ်သော ဖဿစသည်တို့ အာရုံခံစားကြပုံကို ပြောပြပါ။

ဖြေ။ ။ဝေဒနာက အာရုံ၏အရသာကို အစိုးတရ ခံစားပါသည်။
ဖဿ စသော တရားများက ဇိုးဇဥ်းအနည်းငယ်မျှသာ ခံစားပါသည်။

ဥပမာအားဖြင့် စားတော်ကဲ ချက်ပေးသော ဘောဇဉ်ကို ရှင်ဘုရင်ကသာ မြိန်ရှက်စွာ ခံစားပါ၏။ စားတော်ကဲက မြီးကြည့်ရုံသာ ခံစားပါ၏။ ဝေဒနာက ရှင်ဘုရင်နှင့် တူပါ၏။
ဖဿ စသော တရားများက စားတော်ကဲနှင့်တူပါ၏။

မေး။ ။ရဟန္တာပုဂ္ဂိုလ်များ ဒုက္ခဝေဒနာ ခံစားပုံနှင့် ပုထုဇဉ်များ ဒုက္ခဝေဒနာ ခံစားကြပုံ မည်ကဲ့သို့ထူးခြားပါသလဲ။

ဖြေ။ ။ရဟန္တာပုဂ္ဂိုလ်များ ဒုက္ခဝေဒနာ ခံစားကြရသောအခါ ကာယိက ဒုက္ခဝေဒနာသာ ဖြစ်ကြ၍ စေတသိက ဒုက္ခဝေဒနာ (စိတ်ဆင်းရဲမှု) မဖြစ်ကြတော့ပါ။

(ကိုယ်သာနာကြ၍ စိတ်ကတော့ မနာကြတော့ပါ)
ပုထုဇဉ်များ ဒုက္ခဝေဒနာ ခံစားကြရပြီဆိုရင် ကိုယ်လဲနာကြ စိတ်လဲ နာကြတော့တာပါပဲ။ ကိုယ်လဲဆင်းရဲ စိတ်လဲဆင်းရဲ ကုန်တော့တာပါပဲ။ ဤကဲ့သို့ ထူးခြားကြပါတယ်။

မေး။ ။သုခဝေဒနာကို ဖြစ်ပျက်မရှုမိရင် ဘယ်တရား ဆက်ဖြစ်မှာလဲ။

ဖြေ။ ။တဏှာ(ရာဂါနုသယ)ဆက်ဖြစ်ပါတယ်။

မေး။ ။ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုရင် အဘယ်တရားတွေ ဆက်ဖြစ်မှာလဲ။

ဖြေ။ ။ဒေါသ(ပဋိဃာနုသယ)ဆက်ဖြစ်ပါတယ်။

မေး။ ။ဥပေက္ခာ ဝေဒနာ ဖြစ်ပျက်မရှုမိရင် အဘယ်တရားတွေ ဆက်ဖြစ်မှာလဲ။

ဖြေ။ ။မောဟ(အဝိဇ္ဇာနုသယ)ဆက်ဖြစ်ပါတယ်။

မေး။ ။ဝေဒနာတရားအကြောင်း ခံပြီးလျှင် အဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။

ဖြေ။ ။တဏှာတရားတွေ ဆက်ဖြစ်ပါတယ်။

မေး။ ။မြတ်စွာဘုရားက ဘယ်လိုဟောခဲ့ပါသလဲ။
ဖြေ။ ။ဝေဒနာပစ္စယာ တဏှာလို့ ဟောခဲ့ပါတယ်။

မေး။ ။တဏှာတရားက အဘယ်ကာလမှာ ခေါင်းဆောင်ဖြစ်ပါသလဲ။
ဖြေ။ ။ပစ္စုပ္ပန်ကာလမှာ ခေါင်းဆောင်ဖြစ်ပါတယ်။

မေး။ ။အဝိဇ္ဇာက ဘယ်ကာလမှာ ခေါင်းဆောင်ဖြစ်ပါသလဲ။
ဖြေ။ ။အတိတ်ကာလမှာ ခေါင်းဆောင် ဖြစ်ပါတယ်။

မေး။ ။အတိတ်ကာလ ခေါင်းဆောင် အဝိဇ္ဇာဆိုတဲ့သမုဒယသစ္စာကို ကြိုးစားကြရင် ဘာကိုပြန်ရမှာလဲ။
ဖြေ။ ။ပစ္စုပ္ပန်ခန္ဓာတွေကို ပြန်ရမှာဖြစ်ပါတယ်။

မေး။ ။ပစ္စုပ္ပန်ခန္ဓာတွေကို ပြန်ရရင် ဘာပွဲတွေ နွှဲရဦးမှာလဲ။
ဖြေ။ ။အိုပွဲ၊ နာပွဲ၊ သေပွဲ စသည်တို့ကို နွှဲကြရမှာ ဖြစ်ပါတယ်။

မေး။ ။ပစ္စုပ္ပန်ကာလ ခေါင်းဆောင် တဏှာဆိုသော သမုဒယသစ္စာကို ကြိုးစားကြရင် ဘာတွေကိုပြန်ရဦးမှာလဲ။
ဖြေ။ ။အနာဂါတ်ခန္ဓာတွေကို ပြန်ရကြမှာဖြစ်ပါတယ်။

မေး။ ။တဏှာ၊ မာန၊ ဒိဋ္ဌိ ဤသုံးပါးကို ဘာတရားဟု ခေါ်ပါသလဲ။
ဖြေ။ ။ပပဉ္စ တရားသုံးပါးလို့ ခေါ်ပါတယ်။

မေး။ ။ပပဉ္စ တရားဆိုတာ အဘယ်သဘောကို ခေါ်ပါသလဲ။
ဖြေ။ ။သံသရာချဲ့သောသဘောကို ပပဉ္စလို့ ခေါ်ပါတယ်။

မေး။ ။သံသရာချဲ့ပုံကို အနည်းငယ်မျှ ရှင်းပြပါ။
ဖြေ။ ။ပဋိသန္ဓေနေခြင်း ဆင်းရဲက အိုခြင်းဆင်းရဲ ရောက်အောင်ချဲ့။ အိုခြင်းဆင်းရဲက နာခြင်းဆင်းရဲရောက်အောင်ချဲ့၊ နာခြင်းဆင်းရဲက သေခြင်းဆင်းရဲရောက်အောင်ချဲ့၊ သေခြင်းဆင်းရဲကနေတဖန် ပဋိသန္ဓေနေခြင်း ရောက်အောင်ချဲ့ပါတယ်။ ဤကဲ့သို့ ဆင်းရဲလက်စမပြတ်အောင် ချဲ့သောကြောင့် ပပဉ္စတရားလို့ ခေါ်ပါတယ်။

မေး။ ။တဏှာ မပေါ်စေချင်ရင် ဘယ်ဝေဒနာကို ရှုရမှာလဲ။
ဖြေ။ ။သုခဝေဒနာကို ဖြစ်ပျက်ရှုရမှာ ဖြစ်ပါတယ်။

မေး။ ။သုခဝေဒနာဖြစ်ပျက်မရှုရင် သံသရာလည်မှာလား ပြတ်မှာလား။
ဖြေ။ ။သံသရာလည်မှာ ဖြစ်ပါတယ်။

မေး။ ။သံသရာလည်ပုံကို အနည်းငယ်မျှ ပြောပြပါ။
ဖြေ။ ။သုခဝေဒနာကို ဖြစ်ပျက်မရှုနိုင်ရင် သုခဝေဒနာ ပစ္စယာတဏှာ ဆက်သွားပါသည်။ တဏှာဖြစ်ရင် ဥပါဒါန်လဲ ဖြစ်ရမှာပါ၊ ဥပါဒါန်ဖြစ်ပါက ကမ္မဘဝလဲ ဖြစ်ရတော့မှာပါ။ ကမ္မဘဝပစ္စယာဇာတိတွေဆက်ပြီး သံသရာလည်တော့တာပါပဲ။

မေး။ ။ ဒေါသမပေါ်စေချင်ရင် ဘယ်ဝေဒနာကို ရှုရမှာလဲ။
ဖြေ။ ။ ဒုက္ခဝေဒနာကို ဖြစ်ပျက်မြင်အောင် ရှုရမှာဖြစ်ပါတယ်၊

မေး။ ။ မောဟမပေါ်စေချင်ရင် ဘယ်ဝေဒနာကို ရှုရမှာလဲ။
ဖြေ။ ။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှုရမှာဖြစ်ပါတယ်။

မေး။ ။ လိုချင်မှုတဏှာအကြောင်းခံရင် ဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။
ဖြေ။ ။ စွဲလမ်းမှုဥပါဒါန်တရားတွေ ဆက်ဖြစ်ပါတယ်။

မေး။ ။ မြတ်ဘုရားက ဘယ်လိုဟောခဲ့ပါသလဲ။
ဖြေ။ ။ တဏှာပစ္စယာ ဥပါဒါန်ဟု ဟောခဲ့ပါတယ်။

မေး။ ။ ဥပါဒါန်ရဲ့ သဘောကို ရှင်းပြပါ၊
ဖြေ။ ။ ဖားများကို မြွေများက ဖမ်းသောအခါ မြဲမြဲမြံမြံ တင်းတင်းကြပ်ကြပ် မလွတ်အောင် ဖမ်းကြသလို ပြင်းပြင်းထန်ထန်စွဲလမ်းမှုသဘောကို ဥပါဒါန်လို့ ခေါ်ပါသည်။

မေး။ ။ ဥပါဒါန်ရဲ့ တရားကိုယ်ကို ကောက်ပြပါ။
ဖြေ။ ။ အားကြီးသော တဏှာနှင့် ဒိဋ္ဌိကို ကောက်ရပါသည်။

မေး။ ။ တဏှာနှင့် ဥပါဒါန်တို့ရဲ့ ထူးခြားပုံကို ရှင်းပြပါ။
ဖြေ။ ။ တဏှာသဘောက မရသေးသော အာရုံအမျိုးမျိုးကို တောင်းတပါတယ်။

ဥပမာအားဖြင့် ခိုးသူများဟာ မှောင်ရိပ်ထဲမှာ ဘဏ္ဍာထုပ်ကို ရှာကစ်မ်းတာနှင့် တူပါတယ်။

ဥပါဒါန်ရဲ့သဘောကတော့ ရရှိပြီးသောအာရုံများကို မလွှတ်ဘဲ စွဲမြဲစွာ ယူပါတယ်။ ဥပမာအားဖြင့် ဘဏ္ဍာထုပ်ကိုရပြီးသော ခိုးသူသည် ဘယ်တော့မှ မလွှတ်တာနှင့် တူပါတယ်။

မေး။ ။ ဥပါဒါန်အပြား ဘယ်နှစ်ပါးရှိပါသလဲ ပြောပြပါ။

ဖြေ။ ။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် အားဖြင့် လေးပါးရှိပါသည်။

မေး။ ။ အဘယ်သဘောကို ကာမုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ ငါးဖြာအာရုံ ကာမဂုဏ်များရဲ့အပေါ်မှာ ပြင်းထန်စွာ စွဲလမ်းမှုကို ကာမုပါဒါန်လို့ ခေါ်ပါသည်။ (လောဘကိုကောက်ပါ။)

မေး။ ။ အဘယ်သဘောကို ဒိဋ္ဌုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ လှူဒါန်းပေးကမ်းခြင်းသည် အကျိုးမရှိ စသဖြင့် ယူမှားသော ဆယ်ပါးသော ဒသဝတ္ထုက ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်ဖြစ်ပါသည်။

(တရားကိုယ်ဒိဋ္ဌိကို ကောက်ပါ။)

မေး။ ။ အဘယ်သဘောကို သီလဗ္ဗတုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ နွား၊ ခွေး စသည်တို့၏ အလေ့အကျင့်မြင် သံသရာမှ စင်ကြယ်မယ်။ နိဗ္ဗာန်ရမယ်လို့ ယူသော အယူမှားသည် သီလဗ္ဗတုပါဒါန်ဖြစ်ပါသည်။ (တရားကိုယ် ဒိဋ္ဌိကိုပဲ ကောက်ပါ။)

မေး။ ။ အဘယ်သဘောကို အတ္တဝါဒုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ ရုပ်ဟာ ငါပဲ။ ရုပ်ရှိသောငါပဲ၊ ငါ၌ရုပ်ပဲ၊ ရုပ်၌ငါပဲ စသည်ဖြင့် မှားမှားယွင်းယွင်းစွဲလမ်းတတ်သော နှစ်ဆယ်သော သက္ကာယဒိဋ္ဌိကို အတ္တဝါဒုပါဒါန်လို့ ခေါ်ပါသည်။
(တရားကိုယ် ဒိဋ္ဌိကိုပဲ ကောက်ပါ။)

မေး။ ။ဒိဋ္ဌုပါဒါန်အစွဲနှင့် အတ္တဝါဒုပါဒါန် အစွဲနှစ်ပါး ထူးခြားပုံကို ပြောပြပါ။

ဖြေ။ ။ဒိဋ္ဌုပါဒါန်အစွဲက လူ့ပြည်၊ နတ်ပြည် မရောက်အောင် တားပါတယ်။ သတ္တဝါ ဒုပါဒါန် အစွဲက မဂ်ဖိုလ်နိဗ္ဗာန် မရောက်အောင် တားပါတယ်။

မေး။ ။ဥပါဒါန်အစွဲရှိသော ပုဂ္ဂိုလ်များသည် ဘာကို ကြိုးစားတတ်ကြပါသလဲ၊

ဖြေ။ ။ဘဝကိုဖြစ်အောင် ကျိုးစားအားထုတ်ကြပါသည်။

မေး။ ။ဘဝသည် ဘယ်နှစ်ပါး ပြားပါသလဲ။

ဖြေ။ ။ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးပြားပါသည်။

မေး။ ။ကမ္မဘဝဆိုတာ အဘယ်တရားကို ခေါ်ပါသလဲ။

ဖြေ။ ။ပုညာဘိသင်္ခါရစသော စေတနာ ၂၉ ခုကို ခေါ်ပါသည်။

မေး။ ။ဥပပတ္တိဘဝဆိုတာ အဘယ်တရားထူးကို ခေါ်ပါသလဲ။

ဖြေ။ ။ဘဝကြီး ၉ ပါးကို ခေါ်ပါသည်။

မေး။ ။အကြောင်းဘဝ အကျိုးဘဝကို ခွဲပြပါ။

ဖြေ။ ။ကမ္မဘဝသည် အကြောင်းဘဝ မည်ပါတယ်။ ဥပပတ္တိဘဝသည် အကျိုးဘဝ မည်ပါတယ်။

မေး။ ။အမ္မဘဝနှင့် ဥပပတ္တိဘဝနှစ်ပါး ထူးခြားပုံ ကို ပြောပြပါ။

ဖြေ။ ။ဘဝသို့ ရောက်စေ ဖြစ်စေတတ်သော စေတနာသည် ကမ္မဘဝ မည်ပါတယ်။

စေတနာကံတွေကြောင့် ဖြစ်ပေါ်လာကြရသော ခန္ဓာ အမျိုးမျိုးသည် ဥပပတ္တိဘဝ မည်ပါတယ်။

မေး။ ။ဘဝကြီး ၉ ပါးကို ရေတွက်ပြပါ။

ဖြေ။ ။ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ နာသညီဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝပေါင်း ၉ ပါးဖြစ်ပါတယ်။

မေး။ ။လောကလူသားများသည် ကမ္မဘဝကို အဘယ်ကြောင့်ပြုလုပ်မိကြပါသလဲ။

ဖြေ။ ။ဥပါဒါန်အစွဲကြောင့် ပြုလုပ်မိကြပါတယ်။

မေး။ ။ဥပါဒါန်အစွဲဟာလဲ ဘာကြောင့် ဖြစ်ကြပါသလဲ။

ဖြေ။ ။လိုချင်မှုတဏှာကြောင့် ဖြစ်ပေါ်လာကြရပါတယ်။

မေး။ ။တဏှာအစွဲနှင့် ဥပါဒါန်အစွဲ ခွဲပြပါ။

ဖြေ။ ။သာမည အနည်းငယ် လိုချင်မှုသည် တဏှာစွဲ ဖြစ်ပါတယ်။ အကြီးအကျယ် လိုချင်မှုသည် ဥပါဒါန်အစွဲ ဖြစ်ပါသည်။

မေး။ ။ကမ္မဘဝကို ပြုလုပ်မိသောသူများသည် ဘာကို ပြန်ရကြအုံးမှာလဲ။

ဖြေ။ ။ဇာတိမျိုးစုံ အဖုံဖုံကို ပြန်ရကြမှာ ဖြစ်ပါတယ်။

မေး။ ။ဘဝပစ္စယာဇာတိလို့ ဟောသောနေရာမှာ ဘယ်ဘဝကြောင့် ဇာတိကို ပြန်ရမှာလဲ။

ဖြေ။ ။ကမ္မဘဝကြောင့်သာ ဇာတိကို ပြန်ရမှာ ဖြစ်ပါတယ်။
(ဥပပတ္တိဘဝက ဇာတိထဲ၌ အကျုံးဝင်ပြီး ဖြစ်သည်။)

မေး။ ။ကမ္မဘဝနှင့် ဥပပတ္တိဘဝ အထူးကို ပြောပြပါ။

ဖြေ။ ။အကျိုးတရားများကို ဖြစ်သောဘဝကို ကမ္မဘဝလို့ ခေါ်သည်။ အကျိုးတရားထဲမှာ ပါဝင်နေသောဘဝကား ဥပပတ္တိဘဝ ဖြစ်ပါတယ်။

မေး။ ။ကမ္မဘဝကား ဘာသစ္စာဖြစ်ပါသလဲ။

ဖြေ။ ။သမုဒယသစ္စာ ဖြစ်ပါတယ်။

မေး။ ။ဥပပတ္တိဘဝကား ဘယ်သစ္စာဖြစ်ပါသလဲ။

ဖြေ။ ။ဒုက္ခသစ္စာ ဖြစ်ပါတယ်။

မေး။ ။ဘဝမှန်သမျှ ချုပ်ငြိမ်းစေချင်ရင် ကမ္မဘဝကိုဘဲ ပယ်ရမှာလား၊ ဥပပတ္တိဘဝကိုပဲ ညှင်းဆဲရမှာလား။

ဖြေ။ ။ကမ္မဘဝကို ဖြစ်ပျက်ရှုပြီး ပယ်ရပါတယ်။ အကျိုးဥပပတ္တိ ဘဝကို မညှင်းဆဲရပါ။

မေး။ ။ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘာကြောင့် နိဗ္ဗာန်ရောက်သွားပါသလဲ။

ဖြေ။ ။ကုသိုလ်ကံ အကုသိုလ်ကံများကို စွန့်ပါယ်လိုက်လို့ပါဘဲ။

မေး။ ။ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ ဘာသစ္စာတွေပါလဲ။

ဖြေ။ ။သမုဒယသစ္စာချည်းသာ ဖြစ်ကြပါတယ်။

မေး။ ။မိုးကုတ်ရဲ့ ဆရာတော်ကြီးက ကံနှင့် ပါတ်သက်ပြီး ဘယ်လိုဆုံးမခဲ့ပါသလဲ။

ဖြေ။ ။ကံစီမံရာကို လိုက်ကြရင် သုံးဆယ့်တစ်ဘုံ လည်ကြရမယ်၊ ဉာဏ်စီမံရာလိုက်ရင်တော့ နိဗ္ဗာန်ရောက်ကြမယ်လို့ ဆုံးမခဲ့ပါတယ်။

မေး။ ။ဇာတိရဲ့ဖြစ်ကြောင်းဟာ ကမ္မဘဝသာ ဖြစ်ကြောင်း ပုံကို ထင်ရှားအောင် ရှင်းပြပါ။

ဖြေ။ ။လောကမှာ အမွှာပူးမွေးသူတို့သည် မိဘနှစ်ပါးတို့၏ သွေးသားတို့၊ အစာ အာဟာရတို့၊ အပူအအေးတို့ဆိုတဲ့ အပြင်ဘက်က အကြောင်းခြင်း တူပါလျက် ပိန်တာ၊ ဝတာ၊ မည်းတာ၊ ဖြူတာ၊ မြတ်တာ၊ မမြတ်တာ စသည်တို့ဟာ ကံခြင်း မတူခြင်းကြောင့်သာ ဖြစ်ရပါတယ်။ ဒါကြောင့်လဲ မြတ်ဘုရားက ကမ္မသတ္တေဝိဘဇတိယဒိဒံဟိနပဏီတတာယလို့ ဟောခဲ့ပါတယ်။

မေး။ ။ဇာတိဆိုတာ ဘာတရားတွေရဲ့ ဖြစ်ခြင်းကို ဆိုပါသလဲ။

ဖြေ။ ။နိပ္ဖန္နရုပ်တို့လည်းကောင်း၊ နာမက္ခန္ဓာ လေးပါးတို့၌လည်းကောင်း ဖြစ်ခြင်းဥပါဒ်သဘောကို ဇာတိလို့ ခေါ်ပါတယ်။ (ရုပ်ရဲ့ ဇာတိ နာမ်ရဲ့ဇာတိ)

မေး။ ။ဇာတိအကြောင်းခံပြီးတော့ ဘယ်တရားတွေ ထပ်ဖြစ်ပါသလဲ။

ဖြေ။ ။ရုပ်ဇရာမရဏ၊ နာမ်ဇရာမရဏ တရားတွေ ထပ်ဖြစ်ပါတယ်။

မေး။ ။ဇရာမရဏသဘောကို ရှင်းပြပါ။

ဖြေ။ ။နိပ္ဖန္နရုပ်တို့၏လည်းကောင်း၊ နာမက္ခန္ဓာ လေးပါးတို့၌ လည်းကောင်း ရင့်ခြင်းဌီသဘောနှင့် ပျက်ခြင်းဘင်သဘောကို ဇရာမရဏကို ခေါ်ပါတယ်။

မေး။ ။လောကသတ္တဝါတွေသည် အဘယ်ကြောင့် အိုကြရ သေကြရတာလဲ။

ဖြေ။ ။ဇာတိတရား ရလာကြသောကြောင့် သာလျှင် အိုကြရ သေကြရတာပါ။

မေး။ ။ဇာတိတရား ရလာကြသောသူများသည် ဇရာမရဏတရား နှစ်ပါးကိုသာ တွေ့ကြရမှာလား။

ဖြေ။ ။မဟုတ်ပါ။ ဇရာမရဏနှစ်ပါးကိုလဲ တွေ့ကြရမှာပါ။ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ ငါးပါးကိုလဲ တွေ့ကြရမှာပါ။

မေး။ ။ဇာတိဇရာ မရဏ သုံးပါးတို့ကို ဥပမာအားဖြင့် ရှင်းပြပါ။

ဖြေ။ ။ချော့ခေါ်သောသူ၊ လဲအောင်ရိုက်သောသူ၊ လည်ပင်းဖြတ်သောသူဟု ရန်သူသုံးယောက်အသွင် သဘောထားရှိရမယ်။

ထပ်ပြီးရှင်းပါဦးမယ်။ ဇာတိဆိုသော ရန်သူသည် သတ္တဝါတွေကို တဘဝမှ တဘဝရောက်အောင် ချော့ခေါ်သော ရန်သူပင်၊ ဇရာဆိုသော ရန်သူသည် ရောက်ရာဘဝ၌ သတ္တဝါတွေကို မထနိုင်အောင် ရိုက်နှိပ်သတ်ပုတ်လေသည်။

မရဏဆိုသော ရန်သူသည် မထနိုင်သော သတ္တဝါတွေကို လည်ပင်းဖြတ်တော့မည်။

ကိုင်း ယောဂီတို့ ဇာတိရန်သူလာခေါ်ရင် လိုက်ကြအုံးမှာလား။

မေး။ ။သောကစသော တရားငါးပါးရဲ့ သဘောကို ရှင်းပြပါ၊

ဖြေ။ ။ဆွေမျိုးပျက်စီးခြင်း စသော အကြောင်းကြောင့် စိုးရိမ်ပူဆွေးသော ဒေါမနဿဝေဒနာသည် သောက ဖြစ်ပါတယ်၊ ဥပမာအားဖြင့် ရေနွေးအိုးမီးထိုးပေးတာနှင့် တူပါတယ်။

ဆွေမျိုးပျက်စီးခြင်း စသော အကြောင်းကြောင့် ငိုကြွေးမည်တန်းသော စိတ္တဇ ဝိပ္ပလ္လာသ သဒ္ဒရုပ်သည် ပရိဒေဝ ဖြစ်ပါတယ်။ (ငိုကြွေးသံပင်)

ဥပမာအားဖြင့် ရေနွေးအိုးဆူပွက်တာနှင့် တူပါတယ်။ ဒုက္ခဆိုတာထိခိုက်ခြင်း စသော အကြောင်းကြောင့် ကိုယ်၏ နာကျင်ခြင်း၊ ဒုက္ခဝေဒနာ ဖြစ်ပါတယ်။

ဒေါမနဿဆိုတာ စဉ်းစားမိတိုင်း တွေးတောမိတိုင်း စိတ်၏ နာကျင်ခြင်း၊ ဒေါမနဿဝေဒနာ ဖြစ်ပါတယ်။

ဥပါယာသ ဆိုတာ ဆွေမျိုးပျက်စီးခြင်း စသော အကြောင်းကြောင့် သက်ကြီးရှိုက်ငင်ပြင်းစွာ ပင်ပန်းသောဒေါသ စေတသိက် ဖြစ်ပါတယ်။

ဥပမာအားဖြင့် ရေနွေးအိုးခန်းအောင် မီးပြင်းတိုက်တာနှင့် တူပါတယ်။

မေး။ ။ဒီသောက စသော တရားငါးပါးသည် ဇာတိကြောင့်သာ ဖြစ်ရပါသလား။

ဖြေ။ ။ဇာတိကြောင့်လဲ ဖြစ်ပါတယ်၊ ဇရာ မရဏကြောင့်လဲ ဖြစ်ပါတယ်။ တပါးသော ဒုက္ခကြောင့်လဲ ဖြစ်ပါတယ်။

မေး။ ။ဒီသောက စသော တရားငါးပါးဟာ ဘုံတိုင်းမှာ ဖြစ်ပါသလား။

ဖြေ။ ။ရူပဘုံ အရူပဘုံဆိုတဲ့ ဗြဟ္မာဘုံတွေမှာ လုံးလုံးမဖြစ်ကြပါ။

မေး။ ။ဒီသောက စသော တရားငါးပါးကို အင်္ဂါ ၁၂ ပါးထဲမှာ ဘာကြောင့် ထည့်ပြီး မရေတွက်ပါသလဲ၊

ဖြေ။ ။ဇာတိ၏ မုချအကျိုးရင်းမဟုတ်၊ ဇာတိ၏ အကျိုးဖျားမျှသာ ဖြစ်သောကြောင့် အင်္ဂါ ၁၂ ပါးထဲမှာထည့်ပြီး မရေတွက်ရပါ။

မေး။ ။ထိုသောက စသော တရားငါးပါးသည် ဘာကြောင့် ဖြစ်ကြရပါသလဲ။

ဖြေ။ ။အာသဝေါတရားလေးပါးကြောင့် ဖြစ်ကြရပါတယ်။

မေး။ ။အာသဝေါတရားလေးပါးကြောင့် သောကစသော ငါးပါးဖြစ်ပုံကို ရှင်းပါ။

ဖြေ။ ။ကာမအာရုံခုံမင်သော သူတို့မှာ (ကာမာသဝ) ကာမ အာရုံလဲ ပျက်စီးပြီပါရော သောက စသည် ဖြစ်တော့တာပါဘဲ။

အသက်တန်းရှည်၍ ဘဝကိုခင်မင်သော (ဘဝါသဝ) ရှိသော နတ်တွေမှာ အနိစ္စဒုက္ခ စသော တရားသံကိုလဲ ကြားလိုက်ပါရော စုတိနိမိတ်ထင်သလို ခြသေ့် သစ်ကျားအနီးရောက်လာသလို ထိတ်လန့်တုန်လှုပ်ကြပြီး သောက စသည် ဖြစ်ကြတာပါဘဲ။

ခန္ဓာငါးပါးကို ငါ့ကိုယ်ငါ့ဟာစွဲလန်းသော (ဒိဋ္ဌာသဝ) ရှိသော သူများမှာ ခန္ဓာကလဲ ဖောက်ပြန်ပြရော သောကစသည် ဖြစ်ကြတာပါဘဲ။ တွေဝေမိုက်မဲခြင်း အဝိဇ္ဇာဘဝရှိသော သူတို့မှာ မျက်မှောက်ဘဝမှာ သောကစသည် အလွယ်တကူ ဖြစ်ကြပါတယ်။

မေး။ ။သောက စသော ငါးပါးဖြစ်ရင်လဲ အာသဝကော မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်၊ ထိုအာသဝကြောင့် အဝိဇ္ဇာလည်း ဖြစ်ပြန်ပါတယ်။

မေး။ ။အဝိဇ္ဇာဖြစ်ပြန်ရင် ဘာတွေဆက်ဖြစ်ပြန်ပါသလဲ။

ဖြေ။ ။သင်္ခါရတို့ ဝိညာဏ် စသည်တို့ ဆက်ဖြစ်ပြန်ပါဘယ်။

မေး။ ။သောကစသော တရားငါးပါးကို ပဋိစ္စသမုပ္ပါဒ် အဆုံးမှာ ဘာကြောင့် ဆက်ပြီး ဟောထားပါသလဲ။

ဖြေ။ ။အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်စသည်ဖြင့် ဘဝစက်ကြီး ဆက်ခါဆက်ခါ မပြတ်ဒလစပ်လည်နေပုံကို ပြလိုသောကြောင့် သောက စသော တရားငါးပါးကို အဆုံးမှာ ဟောထားတာ ဖြစ်ပါတယ်။

မေး။ ။အင်္ဂါ ၁၂ ပါးကို ဥပမာအားဖြင့် ထင်ရှားအောင် ရှင်းပြပါအုံး။

ဖြေ။ ။ကန်းတာက အဝိဇ္ဇာပါ။ လမ်းလျှောက်တာက သင်္ခါရပါ။ ချော်ကြတာက ဝိညာဏ်ပါ။ အနာရတာက နာမ်ရုပ်ပါ။ ငန်းမန်းကြွတာက သဠာယတနပါ။ ဆူးထိုးခံရတာက ဖဿပါ။ ဝေဒနာမျိုးစုံ ရတာက ဝေဒနာပါ။ ကုရိုးက တဏှာပါ။ ဆေးမှားက ဥပါဒါန်ပါ။ သုတ်လိမ်းက ကမ္မဘဝပါ။ တိုးပွားအနာက ဇာတိပါ။ ကွဲပျက်က ဇရာနှင့် မရဏပါ။

မေး။ ။ဥပမာ လင်္ကာ ဆောင်ပုဒ်ကို ဆိုပြပါ။

ကန်း၊ ရှော်၊ ချော်ကျ၊ အနာရ၍၊ မန်းကြွ၊ ဆူးထိုး၊ ဝေဒနာမျိုး

နှင့် ကုရိုး၊ ဆေးမှား၊ သုတ်လိမ်းအားကြောင့်၊ တိုးပွားအနာ၊ ကွဲပျက်ရှာသည်။ သေချာမှတ်ကြ (ပဋိစ္စ)သမုပ္ပါဒ်။

မေး॥ ॥ဇရာမရဏနှင့် တွေ့ကြုံကြရသူတို့မှာ ဘာတွေဆက်ဖြစ်ပါသလဲ။

ဖြေ॥ ॥ဇရာမရဏ အနှိပ်စက်ခံရသူတို့မှာ မအိုချင်ကြ၊ မသေချင်ကြပါ။ နုပျိုလို၊ အသက်ရှည်လိုကြပါတယ်၊ အဲဒီ နုပျိုလို အသက်ရှည်လိုမှုဟာ အာသဝမှာဘဲ၊ အာသဝဖြစ်ရင် အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော ဆိုပြီး အဝိဇ္ဇာ ဖြစ်ပြန်ပါတယ်။ အဝိဇ္ဇာဖြစ်က သင်္ခါရ စသည်လဲ ဖြစ်ကြအုံးတော့မှာဘဲ။

ဤကဲ့သို့ ဘဝစက်ကြီး ဘုံသုံးပါးမှာ အမျှင်မပြတ် ဆက်စပ် လည်ပတ်ပြီးဖြစ်ပျက် နေတာကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ်။

မေး॥ ॥စက်ဝိုင်းအကွက်ကြီး လေးကွက်ထဲမှာ ကြည့်ပါက အစပ်ဘယ်နှစ်စပ် တွေ့ပါသလဲ။

ဖြေ॥ ॥သုံးစပ် တွေ့ရပါသည်။

မေး॥ ॥အစပ်သုံးစပ်ကို ရေတွက်ပြပါ။

ဖြေ॥ ॥သင်္ခါရနှင့် ဝိညာဏ်မှာ တစပ်၊ ဝေဒနာနှင့် တဏှာမှာ တစပ်။ ကမ္မဘဝနှင့် ဇာတိမှာ တစပ် ပေါင်းသုံးစပ် ဖြစ်ပါတယ်။

မေး॥ ॥သင်္ခါရနှင့် ဝိညာဏ်အစပ်ကို ဘာအစပ်လို့ ခေါ်ပါသလဲ။

ဖြေ॥ ॥ (၁) နံပါတ်အစပ်လို့လဲ ခေါ်ပါတယ်။
သေပြီးခဲ့သော အစပ်လို့လဲ ခေါ်ပါတယ်။
ကေန်အစပ်လို့လဲ ခေါ်ပါတယ်။
အတိတ်နှင့် ပစ္စုပ္ပန်အစပ်လို့လဲ ခေါ်ပါတယ်။
သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ အစပ်လို့လဲ ခေါ်ပါတယ်။

မေး॥ ॥ဝေဒနာနှင့် တဏှာအစပ်ကို ဘာအစပ်ဟု ခေါ်ပါသလဲ။

ဖြေ॥ ॥ (၂) နံပါတ်အစပ်လို့ ခေါ်ပါတယ်။
ထွက်ရပ်လမ်းအစပ်လို့လဲ ခေါ်ပါတယ်။
ပုဂ္ဂိုလ်ငဲ့ရင် အရှင်စင်လို့လဲ ခေါ်ပါတယ်။
ဓမ္မကိုငဲ့ရင် အသေစပ်လို့လဲ ခေါ်ပါတယ်။
ဒုက္ခသစ္စာနှင့်သမုဒယသစ္စာ အစပ်လို့လဲခေါ်ပါတယ်။
ပစ္စုပ္ပါန်အကျိုးနှင့် ပစ္စုပ္ပါန်အကြောင်းစပ်လို့လဲ ခေါ်ပါတယ်။

မေး။ ။ကမ္မဘဝနှင့်ဇာတိအစပ်ကို ဘာအစပ်လို့ခေါ်ပါသလဲ။

ဖြေ။ ။(၃)နံပါတ်အစပ်လို့ခေါ်ပါတယ်။
နောင်သေဆုံးရဦးမယ့် အစပ်လို့လဲ ခေါ်ပါတယ်။
အနေကန် အစပ်လို့လဲ ခေါ်ပါတယ်။
ပစ္စုပ္ပန်အကြောင်းနှင့် အနာဂါတ်အကျိုးအစပ်လို့လဲခေါ်ပါတယ်။
သမုဒယသစ္စာနှင့်ဒုက္ခသစ္စာ အစပ်လို့လဲ ခေါ်ပါတယ်။

မေး။ ။(၁)နံပါတ်အစပ်ကို ဖြတ်ရင် ရမှာလား။

ဖြေ။ ။လွန်ခဲ့ပြီးသားဖြစ်သောကြောင့် ဖြတ်လို့မရနိုင်တော့ပါ။

မေး။ ။(၃)နံပါတ်အစပ်ကို ဖြတ်ရင်ကော ရနိုင်ပါ့မလား။

ဖြေ။ ။မရောက်သေးသောကြောင့် ဖြတ်လို့မရနိုင်ပါ။

မေး။ ။ထွက်ရပ်လမ်းပေါက်ချင်ရင် အဘယ်အစပ်ကို ဖြတ်ရမှာလဲ။

ဖြေ။ ။(၂)နံပါတ်အစပ်ကို ဖြတ်ရမှာပါ။

မေး။ ။ဘုရားရှင်သည် အဘယ်အစပ်ကိုဖြတ်၍ ဘုရားဖြစ်ရပါသလဲ။

ဖြေ။ ။(၂)နံပါတ်အစပ်ကို ဖြတ်နိုင်သောကြောင့် ဘုရားဖြစ်တော်မူတာပါ။

မေး။ ။သောတာပန်စသည် ဖြစ်ချင်ကြရင် ဘယ်အစပ်ဖြတ်ရမှာလဲ။

ဖြေ။ ။(၂)နံပါတ်အစပ်ကို ဖြတ်ရမှာဖြစ်ပါတယ်။

မေး။ ။ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကြောင့် ဘုရားဖြစ်တာလား။

ဖြေ။ ။မဟုတ်ပါ။ ဝေဒနာနှင့်တဏှာ မကူးအောင် မဆက်အောင် ရှုပွားနိုင်သောကြောင့် ဘုရားဖြစ်တော်မူတာပါ။

မေး။ ။ဝေဒနာနှင့်တဏှာ မကူးအောင် ဝင်းနှစ်ပါး ကြားကို ဘာသွင်းရမှာလဲ။

ဖြေ။ ။မဂ်ဉာဏ်သွင်းရမှာ ဖြစ်ပါတယ်။

မေး။ ။သဗ္ဗညုတာဉာဏ်တော်ဘုရားနှင့် ဉာဏ်တော်ဘုရားကို ခွဲခြားပြပါ။

ဖြေ။ ။ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှာ ပွင့်တော်မူတာက သဗ္ဗညုတာဉာဏ်တော် ဘုရားပါ။ ဉာဏ်တော်ဘုရားဆိုတာက ဘုရားရှင်ရဲ့ ဝမ်းတော်ထဲမှာ နှစ်လုံးသားထဲမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်များ ကိန်းတော် မူသွားတာကို ဆိုတာပါ။

မေး။ ။ယောဂီများလဲ မဂ်ဖိုလ် နိဗ္ဗာန်ကိုရချင်ရင် ဘယ်အစပ် ဖြတ်ရမှာလဲ။
ဖြေ။ ။ဝေဒနာနောက်ကဒိဋ္ဌိ မကူးအောင် ဖြတ်နိုင်ရင် သောတာပန်ဖြစ်မှာပါ။ ဝေဒနာနောက်က တဏှာမကူးအောင် ဖြတ်နိုင်ရင် အနာဂါမ် ရဟန္တာ ဖြစ်ရမှာပါ။
မေး။ ။ဝေဒနာပစ္စယာတဏှာ ဆိုတာက ဘာကြောင့်ဖြစ်ရပါသလဲ။
ဖြေ။ ။ကမ္မာနှင့်မြေဇာဆိုသလို သာသနာတွင်း အသိဉာဏ် မရရင် ဖြစ်နေမှာပါ။
မေး။ ။ဝေဒနာပစ္စယာ ပညာဆိုတာက ဘာကြောင့် ဖြစ်ရပါသလဲ။
ဖြေ။ ။သာသနာတွင်း ကြုံဆရာကောင်း ဆည်းကပ်ပြီး ဝေဒနာရဲ့ဖြစ်မှု ပျက်မှုသဘောကို မြင်အောင် ရှုပွားနိုင်သောကြောင့် ဝေဒနာနောက်က တဏှာမကူးနိုင်တော့ပဲ ဉာဏ်သာပေါ်ပါတော့တယ်။
မေး။ ။ ပဋိစ္စသမုပ္ပါဒ်လည်လမ်းနှင့် လွတ်လမ်းကို ရှင်းပြပါ။
ဖြေ။ ။ မိမိတို့ရဲ့ ကာယအကြည်ရုပ်ပေါ်တွင် ဝေဒနာများပေါ်လာကြသော အခါ ဖြစ်ပျက်မြင်အောင်မရှုပွားနိုင်ကြရင် သုခဝေဒနာပေါ်လဲ (ချမ်းသာသထက် ချမ်းသာချင်သောကြောင့်) တဏှာဖြစ်လာမှာပါ။ ဒုက္ခဝေဒနာဖြစ်ပေါ်လာလဲ့ (ဩော် ဘယ်တော့များ ချမ်းသာသုခ ခံစားရမလဲ) ဆိုပြီး တဏှာဖြစ်ပေါ်လာတာပါပဲ။

ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာလဲ့ သုခဝေဒနာနဲ့အတူ တဏှာ တရားက ဖြစ်ပေါ်အုံးမှာပဲ။ ဤကဲ့သို့ တဏှာများ ဖြစ်ပေါ်လာပါက တဏှာကနေ ဥပါဒါန်၊ ဥပါဒါန်က ကမ္မာဝ ဇာတိစသည် ဖြစ်ကြပြီး ပဋိစ္စသမုပ္ပါဒ်လည်တော့တာပါပဲ။

မိမိတို့ရဲ့ ကာယအကြည်ရုပ်ပေါ်မှာ ဖြစ်ပေါ်လာကြသော ဝေဒနာများကို ဖြစ်ပျက်မြင်အောင် ရှုပွားနိုင်ကြရင် တဏှာပေါ်ခွင့်မရတော့ဘဲ ချုပ်နေပါတယ်။ တဏှာချုပ်ပါက ဥပါဒါန်ကံတွေလဲပဲ ချုပ်သွားသောကြောင့် ပဋိစ္စသမုပ္ပါဒ်လွတ်လမ်းလို့ခေါ်ပါတယ်။
မေး။ ။ သောတာပန်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။
ဖြေ။ ။ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါတယ်။
မေး။ ။ သကဒါဂါမ်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။
ဖြေ။ ။ တဏှာပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသည်။

မေး။ ။ အနာဂါမ်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။

ဖြေ။ ။တဏှာပဋိစ္စသမုပ္ပါဒ် ဒေါသပဋိစ္စသမုပ္ပါဒ်ကိုအကျွင်းမရှိပယ်ပါတယ်။

မေး။ ။ ရဟန္တာပုဂ္ဂိုလ်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။

ဖြေ။ ။ တဏှာပဋိစ္စသမုပ္ပါဒ် ဒေါသပဋိစ္စသမုပ္ပါဒ် မောဟပဋိစ္စသမုပ္ပါဒ်များကို အကြွင်းမရှိ(အငွေ့အသက်ပါ) မကျန်ရအောင် ပယ်ကြပါတယ်။

မေး။ ။ အစပ်သုံးပါးကို သဘောပေါက်ပါရင် ဒိဋ္ဌိဘယ်နှစ်မျိုးပြုတ်ပါသလဲ။

ဖြေ။ ။ ဒိဋ္ဌိသုံးမျိုးပြုတ်ပါတယ်။

မေး။ ။ ဒိဋ္ဌိ သုံးမျိုးပြုတ်ပုံကို ရှင်းပြပါ။

ဖြေ။ ။ ပထမအစပ်ကိုသိရင် ဒိဋ္ဌိသုံးမျိုးပြုတ်ပုံကို အရင်ရှင်းပြပါမယ်။ သင်္ခါရပစ္စယာဝိညာဏံလို့ စပ်သွားခြင်းသည် ပထမအစပ်ပါ။ ကုသိုလ်ပြုခြင်းဆိုသောသင်္ခါရစေတနာကြောင့် ဝိညာဏ်တွေရရှိလာကြတာပါ။ ထိုသို့ဝိညာဏ်ရရှိလာရာ၌ သင်္ခါရစေတနာက ချုပ်ပြီးမှသာ လျှင် ဝိညာဏ်ဖြစ်ပေါ်ရတာပါ။ သင်္ခါရစေတနာက ချုပ်သွားပါသော်လဲ သင်္ခါရပစ္စယာဆိုသော ပစ္စယသတ္တိက (ငါတော့ပျက်ရတော့မယ်၊ ငါ့နေရာမှာ မင်းအစားထိုးပြီး နေရစ်)လို့ဝိညာဏ်ကို ပြောသကဲ့သို့ ကျေးဇူးပြုခဲ့ပါတယ်။ သင်္ခါရက ကျေးဇူးမပြုရင် ဝိညာဏ်ပေါ်ခွင့် မရနိုင်ပါ။ သို့အတွက် သင်္ခါရအကြောင်းခံသောကြောင့်သာ ဝိညာဏ်ပေါ်ရတာပါ။ ထိုသို့ပေါ်သော်လဲ သင်္ခါရစေတနာဆိုသော အထည်ကြီးသည် မပျောက်ပျက်ဘဲနှင့် ဝိညာဏ်ရောက်အောင် လိုက်လာတာမဟုတ်ပါ။ သင်္ခါရအကြောင်းကင်းပြီးတော့လဲ ဝိညာဏ်မဖြစ်နိုင်ပါ။

မေး။ ။ဤကဲ့သို့ သဘောမပေါက်ရင် ဘာတွေဆက်ဖြစ်တတ်ပါသလဲ။

ဖြေ။ ။သင်္ခါရစေတနာ အထည်ကြီးက မပျောက်ပျက်ဘဲ ဝိညာဏ်ရောက်အောင် လိုက်လာတယ် ယူမိရင် သဿတဒိဋ္ဌိ ဖြစ်ပါတယ်။ ဝိညာဏ်သည် သင်္ခါရစေတနာ အထည်ကြီးနှင့် အကြောင်းကျိုးဆက်စပ်မှု လုံးဝမရှိဟု ယူရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်။

မေး။ ။ကုသိုလ်ပြုလဲ ငါဘဲ ဝိညာဏ်ရလာတာလဲ ငါဘဲယူရင် သတ္တာယဒိဋ္ဌိ ဖြစ်ပါတယ်။ ဘယ်လိုမြင်မှ ဘယ်လိုယူမှ ဒိဋ္ဌိတွေ ပြုတ်မှာလဲ။

ဖြေ။ ။ကုသိုလ်ပြုတာလဲ ငါမဟုတ် စေတနာဘဲ ဝိညာဏ်ဟာလဲ ငါမဟုတ် နာမ်တရားဘဲလို့ အမှန်မြင်ရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။

သင်္ခါရစေတနာ အထည်ကြီး ပျက်စီးပြီးသောအခါကြမှ ဝိညာဏ် ဖြစ်ရတာဘဲ၊ သင်္ခါရလဲ မခိုင်မြဲဘူး၊ ဝိညာဏ်လဲ မခိုင်မြဲဟု မခိုင်မြဲပုံကို မြင်ရင် သဿတဒိဋ္ဌိ ပြုတ်ပါတယ်။

သင်္ခါရစေတနာသည် မခိုင်မြဲသော်လဲ သတ္တိသဘောအားဖြင့် ဝိညာဏ်ပေါ်သို့ ကျေးဇူးပြုခဲ့တယ်လို့ အမှန်မြင်ရင် သိရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါတယ်။

မေး။ ။ဒုတိယအစပ်ကို သဘောပေါက်ရင်လဲ ဒိဋ္ဌိဘယ်နှစ်မျိုး ပြုတ်ပါသလဲ။

ဖြေ။ ။သုံးမျိုးဘဲ ပြုတ်ပါတယ်။

မေး။ ။ဒိဋ္ဌိသုံးမျိုး ပြုတ်ပုံကို ရှင်းပြပါ။

ဖြေ။ ။ဝေဒနာပစ္စယာတဏှာ ဆိုသော ဒုတိယအစပ်မှာ—
ဝေဒနာပျက်ပြီးမှ တဏှာဖြစ်တာကိုသိရင် သဿတဒိဋ္ဌိ ပြုတ်ပါတယ်။ ဝေဒနာပျက်ပြီး တဏှာအစားဆိုးတာကိုသိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါတယ်။ ခံစားမှုဟာ ငါမဟုတ် ဝေဒနာဘဲ၊ လိုချင်မှုဟာ ငါမဟုတ်၊ တဏှာဘဲလို့ သိသဖြင့်လဲ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်။

မေး။ ။နှစ်ရပ်မူလကို ပြောပြပါ။

ဖြေ။ ။တဏှာနှင့် အဝိဇ္ဇာသည် နှစ်ရပ်မူလ ဖြစ်ပါတယ်။

မေး။ ။အဝိဇ္ဇာကို ဘာစက်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ပုဗ္ဗန္တ ဘဝစက်လို့ ခေါ်ပါတယ်။

မေး။ ။တဏှာကို ဘာစက်ဟု ခေါ်ပါသလဲ။

ဖြေ။ ။အပရန္တ ဘဝစက်လို့ ခေါ်ပါတယ်။

မေး။ ။ပုဗ္ဗန္တ ဘဝစက်ဖြစ်သော အဝိဇ္ဇာသည် အင်္ဂါဘယ်နှစ်ပါး ဆောင်ပါသလဲ။

ဖြေ။ ။အင်္ဂါ ခုနှစ်ပါး ဆောင်ပါသည်။

မေး။ ။အင်္ဂါခုနှစ်ပါး ဆောင်ပုံကို ဆက်ရှင်းပြပါ။

ဖြေ။ ။အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ ဖြစ်ပါတယ်။

မေး။ ။ဝေဒနာကနေ အဘယ်တရားကိုလှည့်ပြီး ကျေးဇူးပြုပါသလဲ။
ဖြေ။ ။ဝေဒနာကနေ အဝိဇ္ဇာကို ကျေးဇူးပြုပြန်ပါတယ်။
ဝေဒနာပစ္စယာ အဝိဇ္ဇာကိုဟု လှည့်ခွေပါတယ်။
မေး။ ။အဘယ်ကြောင့် ဝေဒနာကနေ အဝိဇ္ဇာကို ဆက်ကျေးဇူးပြုပါသလဲ။
ဖြေ။ ။ဝေဒနာကြောင့် တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်း ဖြစ်ပါတယ်။
ထို့ကြောင့် ဝေဒနာပစ္စယာ အဝိဇ္ဇာဟု လှည့်ခွေပါတယ်။

မေး။ ။ပုဗ္ဗန္တဘဝစက်မှာ မျက်မြင်အားဖြင့် အင်္ဂါခုနစ်ပါးသာ မြင်ရပါသည်၊ ဤအင်္ဂါခုနစ်ပါးမျှဖြင့် သံသရာလည်ပါသလား။
ဖြေ။ ။မဟုတ်ပါ၊ အဝိဇ္ဇာသင်္ခါရကိုမြင်ရင် အတူဖြစ်ဘက်ဖြစ်သော တဏှာ ဥပါဒါန်ဘဝကိုလဲ ယူရပါတယ်၊(ကိလေသာခြင်း ကံခြင်းတူလို့ပါ) ဤသို့ယူလိုက်ပါက အတိတ်အကြောင်း ငါးပါးရပါတယ်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနဖဿ၊ ဝေဒနာဆိုသော ဒြပ်ငါးပါးကိုမြင်ရရင် ဇာတိ၊ ဇရာမရဏဆိုသော ဂုဏ်နှစ်ပါးကိုလဲ ယူရပါသေးတယ် (ဒြပ်နှင့်ဂုဏ် ခွဲမရသောကြောင့်)
သို့အတွက် ပစ္စုပ္ပန်မှာ အင်္ဂါ၇ပါးဖြင့် အင်္ဂါ ၁၂ ပါးစလုံး စုံပြီးတော့ လည်ပါတယ်။
မေး။ ။ပုဗ္ဗန္တဘဝစက်သည်ဘယ်ဘဝနှင့် ဘယ်ဘဝကို ဆက်သွယ်ပေးပါသလဲ။
ဖြေ။ ။အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်သွယ်ပေးပါတယ်။
မေး။ ။အပရန္တဘဝစက်ဖြစ်သော တဏှာသည် အင်္ဂါဘယ်နှစ်ပါးထိအောင် ဆောင်ပါသလဲ။
ဖြေ။ ။အင်္ဂါ ၅ ပါးထိအောင် ဆောင်ပါတယ်။
မေး။ ။အင်္ဂါ ၅ ပါးထိအောင် ဆောင်ပုံကို ဆက်ရှင်းပြပါ။
ဖြေ။ ။တဏှာကြောင့်ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဘဝ၊ ဘဝကြောင့်ဇာတိ၊ ဇာတိကြောင့် ဇရာမရဏထိအောင် ဆောင်ပါတယ်။
မေး။ ။ဇရာမရဏကနေ အဘယ်တရားကို လှည့်ပြီးကျေးဇူးပြုပါသလဲ။
ဖြေ။ ။ဇရာမရဏကနေ တဏှာကိုလှည့်ပြီး ကျေးဇူးပြုပါတယ်။
မေး။ ။ဇရာမရဏ ပစ္စယာတဏှာဟု လှည့်ခွေပါတယ်။
မေး။ ။အဘယ်ကြောင့် ဇရာမရဏကနေ တဏှာကို ဆက်ကျေးဇူး ပြုပါသလဲ၊

ဖြေ။ ။လောကလူသားတွေဇရာမရဏ ဖြစ်ကြသောအခါမှာ နုပျိုလိုအသက်ရှည်လိုသော ကာမသရတဏှာလည်း ဖြစ်ကြပါတယ်။ ထို့ကြောင့် ဇရာမရဏ ပစ္စယာတဏှာဟု လှည့်ခွေပါတယ်။

မေး။ ။အပရန္တဘဝစက်သည် မျက်မြင်အားဖြင့် အင်္ဂါ ၅ ပါးမျှကိုသာ မြင်ရပါတယ်။ အင်္ဂါ ၅ ပါးမျှဖြင့် သံသရာလည်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ တဏှာဥပါဒါန်ဘဝကို မြင်ရင် အတူဖြစ်ဘက်ဖြစ်သော အဝိဇ္ဇာနှင့် သင်္ခါကိုလဲ ယူရပါသေးသည်။

ဇာတိနှင့်ဇရာမရဏဆိုသော ဂုဏ် ၂ ပါးကိုမြင်ရင် မကောင်းကောင်းသော (ခွဲမရသော) ဝိညာဏ်စသော ဒြပ် ၅ ပါးကိုလဲ ယူရပါသေးတယ်။ ပစ္စုပ္ပန် အင်္ဂါ ၅ ပါး အနာဂါတ် ၇ ပါးဖြင့် အင်္ဂါ ၁၂ နှစ်ပါးစုံပြီး သံသရာလည်ပါတယ်။

မေး။ ။အပရန္တဘဝစက်သည် ဘယ်ဘဝနှင့်ဘယ်ဘဝကို ဆယ်သွယ် ပေးပါသလဲ။

ဖြေ။ ။ပစ္စုပ္ပန်ဘဝနှင့် အနာဂါတ်ဘဝကို ဆက်သွယ်ပေးပါတယ်။

မေး။ ။သံသရာ တစ်လျှောက်လုံး မဂ်ဖိုလ် နိဗ္ဗာန်မရခဲ့တာ ဘာကြောင့်ပါလဲ။

ဖြေ။ ။ဤဘဝစက်နှစ်ပါးကို မဖြတ်နိုင်ခဲ့သောကြောင့် မဂ်ဖိုလ် နိဗ္ဗာန်မရခဲ့တာပါ။

မေး။ ။ဤဘဝစက်နှစ်ပါးကို အဘယ်တရားဖြင့် ဖြတ်ရမှာလဲ။

ဖြေ။ ။မူလပညာယထိန္ဒထလို့ ဘုရားရှင် ဟောကြားခဲ့သောကြောင့် ဝိပဿနာ ပညာ မဂ်ပညာတို့ဖြင့် ဖြတ်ကြရမှာပါ။

မေး။ ။ဆုတောင်းရုံနှင့် မဂ်ဉာဏ်များ ရနိုင်ပါသလား။

ဖြေ။ ။မရနိုင်ပါ။ကျင့်ကြံကြိုးစား ပွားများအားထုတ်မှ ရနိုင်ပါတယ်။

မေး။ ။ဝဋ်သုံးဝနှင့် လက်ာအရ ဝဋ်သုံးပါးကို ပြောပြပါ။

ဖြေ။ ။ကိလေသာဝဋ်သုံးပါး၊ ကမ္မဝဋ်နှစ်ပါး၊ ဝိပါကဝဋ် ရှစ်ပါးဖြစ်ပါတယ်။

မေး။ ။ကိလေသာဝဋ် သုံးပါးကို ခွဲပြပါ။

[၆] ဖြေ။ ။အဝိဇ္ဇာတဏှာ ဥပါဒါန်ပေါင်း သုံးပါးဖြစ်ပါတယ်၊

မေး။ ။ ကမ္မဝဋ် နှစ်ပါး ခွဲပြပါ။

ဖြေ။ ။ သင်္ခါရနှင့် ကမ္မဘဝ ပေါင်း နှစ်ပါးဖြစ်ပါတယ်။

မေး။ ။ ဝိပါကဝဋ် ၈ ပါး ခွဲပြပါ။

ဖြေ။ ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏ ပေါင်း ၈ ပါးဖြစ်ပါတယ်။

မေး။ ။ ဤစက်ဝိုင်း ဒေသနာကြီးမှာ အင်္ဂါအားဖြင့် ရေတွက်သော အခါ အင်္ဂါ ၁၂ ပါးမျှသာဖြစ်ပါလျက် ဝဋ်အားဖြင့် ရေတွက်ကြသော အခါ အင်္ဂါ ၁၃ ပါး ဘာကြောင့် ဖြစ်နေပါသလဲ။ ရှင်းပြပါ။

ဖြေ။ ။ အင်္ဂါအားဖြင့် ရေတွက်ကြသောအခါ ဘဝကို တစ်မျိုးတည်းထားပြီး ရေတွက်ရသောကြောင့် အင်္ဂါ ၁၂ ပါးသာ ရှိသော်ငြားလည်း ဝဋ်အားဖြင့် ရေတွက်ကြသောအခါ ဘဝက နှစ်မျိုး ပြားသွားပါတယ်၊ ထိုဘဝနှစ်မျိုးတို့တွင် ကမ္မဘဝ ကမ္မဝဋ်ထဲမှာပါ၍ ဥပပတ္တိဘဝက ဝိပါကဝဋ်ထဲမှာ ပါသွားပါတယ်။ သို့အတွက် ဝဋ်အားဖြင့် ရေတွက်စဉ်မှာ အင်္ဂါ ၁၃ ပါးဖြစ်နေတာပါ။ သို့သော်ဘဝနှစ်ပါးကို ပြန်ပေါင်းပြီး ရေတွက်ရင် အင်္ဂါ ၁၂ ပါးပဲ ပြန်ဖြစ်ပါတယ်။

မေး။ ။ ဝဋ်သုံးပါးကိုအကြောင်းဝဋ် အကျိုးဝဋ် ခွဲခြား၍ ပြပါ။

ဖြေ။ ။ ကိလေသာဝဋ် သုံးပါးနှင့် ကမ္မဝဋ် ၂ ပါးသည် အကြောင်းဝဋ် ၅ ပါးဖြစ်ပါတယ်။ ဝိပါကဝဋ် ၈ ပါးသည် အကျိုး ၈ ပါးဖြစ်ပါသည်၊

မေး။ ။ နိဗ္ဗာန်ရောက်ချင်ရင် ဘာမှကျွတ်အောင် ကြိုးစားရမှာလဲ။

ဖြေ။ ။ ဝဋ်သုံးပါးကျွတ်အောင် ကြိုးစားရပါတယ်၊

မေး။ ။ ကိလေသာဝဋ် သုံးပါးရှိရင် နိဗ္ဗာန်ရောက်နိုင်ပါမလား၊

ဖြေ။ ။ မရောက်နိုင်ပါ။ ဘာကြောင့်လဲဆိုရင် ကိလေသာဆိုတာ အပူဓာတ်ပါ။ အပူဓာတ်ကို အေးအေးနိဗ္ဗာန်က လက်မခံပါ။ သို့အတွက်-နိဗ္ဗာန်ရောက်ချင်ရင် ကိလေသာဝဋ်ကိုလဲ ကျွတ်အောင် ကြိုးစားရပါတယ်၊

မေး။ ။ ကမ္မဝဋ်နှစ်ပါး ရှိနေရင်သဲ နိဗ္ဗာန်ရောက်နိုင်ပါမလား။

ဖြေ။ ။ မရောက်နိုင်ပါ- ဘာကြောင့်ဆိုရင် ကမ္မဝဋ်သုံဘာသည် စေတနာကံဖြစ်ပါတယ်၊ စေတနာကံရှိနေရင် သူက ဘဝတွေမှာလှည့်ပြီးအကျိုး

ပေးနေဦးမှာပဲ။အကျိုးပေးနေရင် နိဗ္ဗာန်မရောက်နိုင်သေးပါ။ နိဗ္ဗာန်ဆိုတာကအကုသိုလ်ကံလဲ ကုန်မှ ကုသိုလ်ကံလဲကုန်မှ ရောက်နိုင်တာမျိုးပါ။ သို့အတွက် ကမ္မဝဋ်မကုန်သေးရင် နိဗ္ဗာန်မရောက်နိုင်သေးပါ။

မေး။ ။ ဝဋ်ကျွတ်စေချင်ရင် ဘုရားမှာ ဆုတောင်းရမှာသလား၊ ဘာကိုလုပ်ရမှာလဲ။

ဖြေ။ ။ ဆုတောင်းရုံမျှနှင့် ဝဋ်မကျွတ်နိုင်ပါ။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရဲ့အပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တ မြင်အောင် (ဝါ) ဖြစ်ပျက်မြင်အောင် ရှုပွားပေးရပါတယ်။ ဤကဲ့သို့ ရှုပွားပေးကြလို့ ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်း ဖြစ်ပျက်ဒုက္ခကြီးအကြွင်းမရှိချုပ်ဆုံးသွားမယ်ဆိုရင် နောင်ခန္ဓာမလာတာက ဝိပါကဝဋ်ကြီးမှ ကျွတ်လွတ်သွားတာ ဖြစ်ပါတယ်။

မေး။ ။ ကုသိုလ်ကောင်းမှုပြုတိုင်း ဝဋ်ကျွတ်ရာနိဗ္ဗာန် ရောက်ပါမလား။

ဖြေ။ ။ မရောက်နိုင်ပါ။ အချို့သောသူများကကုသိုလ်ကောင်းမှုပြုကြသော်လဲ လူနတ်ချမ်းသာရည်မှန်းပြီးပြုကြပါတယ်။ ဤသို့ပြုခဲ့ကြသော်၊ ၎င်းသူများသည် လူနတ်ခန္ဓာတွေရဲ့ အပေါ်မှာ ဒုက္ခသစ္စာ သဘောကို မမြင်ကြပါဘူး။ မမြင်တော့ လူနတ်ချမ်းသာကို လိုချင် ရချင်ကြပါတယ်။ စွဲလန်းကြပါတယ်။ လူနတ်ချမ်းသာရည်မှန်းပြီး ကုသိုလ်ကံတွေပြုကြပါတယ်။ ထိုကဲ့သို့ ပြုခဲ့ကြသော သစ္စာမသိမှုကအဝိဇ္ဇာ လိုချင်မှုက တဏှာ စွဲလန်းမှုကဥပါဒါန် ကုသိုလ်ပြုမှုကကံ ဆိုပြီး အကြောင်းဝဋ် ၅ ပါးသည် သမုဒယသစ္စာကို တည်ထောင်မိပါက အကျိုးဝဋ် ၈ ပါး ဝိပါကဝဋ်ကြီးကိုဘဲရကြတော့မှာပါ။ နိဗ္ဗာန်တော့မရနိုင်ကြပါ။

မေး။ ။ ယောဂီတို့ အခုရထားသော ခန္ဓာငါးပါးဟာ ဘာဝဋ်ဖြစ်ကြပါသလဲ။

ဖြေ။ ။ဝိပါကဝဋ်ကြီး ဖြစ်ပါတယ်။

မေး။ ။အတိတ်တုံးက ဘယ်ဝဋ်တွေကြိုးစားခဲ့လို့ပါလဲ။

ဖြေ။ ။ကိလေသာဝဋ်အကြောင်းခံပြီး ကမ္မဝဋ်ကြိုးစားခဲ့လို့ပါ။

မေး။ ။ဝိပါကဝဋ်သဘောကို ပြောပြပါ။

ဖြေ။ ။ဝိပါက (ဝဋ်) အကျိုးပေး ဝဋ္ဋ—ကလုံးလည်ခပ်နေတာကို ဆိုပါတယ်။

မေး။ ။ကုသိုလ်ကောင်းမှု ပြုကြသောအခါ ဘယ်လိုရည်မှန်းပြီးပြုမှ ဝဋ်ကျွတ်ပါသလဲ။

ဖြေ။ ။ဤခန္ဓာဝန်ဝိပါကဝဋ် ဒုက္ခသစ္စာကိုရှုံခြင်းမုန်းခြင်း ငြီးငွေ့ခြင်း မလိုချင်ခြင်း ပြင်းပြပါသဖြင့် ဝိပါကဝဋ်မရှိရာဖြစ်သော နိဗ္ဗာန်ကို လိုချင်ရချင်သောကြောင့် လှူဒါန်း ပေးကမ်းပါတယ် ဆိုရင် ဝဋ်ကျွတ်သောအလှူ ဖြစ်ပါတယ်။

မေး။ ။ကာလသုံးဖြာ လင်္ကာအရ ကာလသုံးကိုခွဲခြား ပြောပြပါ။

ဖြေ။ ။လွန်လေပြီးသော အတိတ်ကာလ၊ ယခု ဖြစ်ဆဲပစ္စုပ္ပန်ကာလ နောင်ဖြစ်လတံ့ အနာဂါတ်ကာလအားဖြင့် သုံးပါး ဖြစ်ပါတယ်။

မေး။ ။အင်္ဂါ ၁၂ ပါးကို ကာလသုံးပါးဖြင့် တွဲစပ်ပြပါ။

ဖြေ။ ။အဝိဇ္ဇာသင်္ခါရ အင်္ဂါနှစ်ပါးသည် အတိတ်ကာလ ဖြစ်ပါတယ်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဤ အင်္ဂါ ၈ ပါးသည် ပစ္စုပ္ပန်ကာလ ဖြစ်ပါတယ်။ ဇာတိဇရာမရဏ အင်္ဂါ ၂ ပါးသည် အနာဂါတ်ကာလ ဖြစ်ပါတယ်။

မေး။ ။အတိတ်အင်္ဂါ ၂ ပါးကို ဘာသစ္စာလို့ ခေါ်ရပါသလဲ။

ဖြေ။ ။သမုဒယသစ္စာလို့ ခေါ်ပါတယ်။

မေး။ ။ပစ္စုပ္ပန် အကျိုး အင်္ဂါ ၅ ပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ဒုက္ခသစ္စာလို့ ခေါ်ပါတယ်။

မေး။ ။ပစ္စုပ္ပန်အကြောင်း အင်္ဂါသုံးပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။သမုဒယသစ္စာလို့ ခေါ်ပါတယ်။

မေး။ ။အနာဂါတ်အကျိုး အင်္ဂါ ၂ ပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ဒုက္ခသစ္စာလို့ ခေါ်ပါတယ်။

မေး။ ။ကာလဆိုသော တရားသည် လူနတ်ဗြဟ္မာသတ္တဝါတွေကို ချမ်းသာပေးမှာလား။ ဘာလုပ်တတ်ပါသလဲ။

ဖြေ။ ။အမှန်သဘောပြောရမယ်ဆိုရင် ကာလဆိုသော တရားသည် ကျေးဇူးရှင်မဟုတ်ပါ။ သတ္တဝါတွေကို သတ်ဖြတ်နေသော သေမင်းကြီးသာဖြစ်ပါတယ်။

မေး။ ။ယောဂီတို့ရဲ့ ဘိုးဘွားမိဘတွေများ ဘယ်သူ့လက်အောက်မှာ အသက်ပျောက်ကုန်ကြပါသလဲ၊

ဖြေ။ ။ကာလလက်အောက်မှာ အသက်ပျောက်ကုန်တာပါ။

မေး။ ။ယောဂီတို့ မွေးထားကြသော သားသမီးများနှင့် ယောဂီတို့လဲ တနေ့သော အခါကျရင် ဘယ်သူ့လက်အောက်မှာ အသက်ပျောက်ကြရဦးမှာလဲ။

ဖြေ။ ။ကာလ လက်အောက်မှာဘဲ အသက်ပျောက်ကြရဦးမှာပါ။

မေး။ ။ဘုရားသောင်းပညာရှိက ဘယ်လိုများ ဟောကြားထားခဲ့ရပါသလဲ။

ဖြေ။ ။ကာလောဃသတိဘူတာနိ၊ သဗ္ဗာနေဝသဟတ္တနာ။

ယောစကာဃသော ဘူတော၊ သဘူတပစနိပစိ ဟု ဟောထားခဲ့ပါတယ်။

ကာလော နေ့ညဥ့်၊ မာသ စသည်အပြားကာလများကိုသည်ဘူတာနိ၊ မူးလိုက် ရူးလိုက် အထူးကြိုက်သည့် လူမိုက်တို့ကို၊ အတ္တနာ၊ မိမိနှင့်၊ သဟ၊ အတူတကွ။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ သတ္တဝါတို့ကို။ ဃသတိ၊ နေ့နေ့ညည၊ ကာလမခြား၊ ခဲစားလျက်နေပေ၏။

စ၊ မခဲစားနိုင်သည်ကား။ ယောဘူတော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် ကာလဃသော၊ ကာလကို ပေ၊ ခဲစားလေ၏။သသောဘူတော, ထိုရဟန္တာပုဂ္ဂိုလ်သည် ဘူတပစနိံ၊ သတ္တဝါအပေါင်းကို ကျက်စေတတ်သော တရားကို (ဝါ) ချက်တတ်သောတရားကို၊ ဉာဏ် တည်းဟူသော မီးဖြင့် ပစိကို ကျက်စေပြီး (ဝါ) ချက်ပြီး

မေး၊ ။ဘယ်ပုဂ္ဂိုလ်ဖြစ်မှ ကာလလွတ်အောက်မှ လွတ်မြောက်မှာသဲ။

ဖြေ။ ။ရဟန္တာ ပုဂ္ဂိုလ်ဖြစ်မှ ကာလလွတ်အောက်မှ လွတ်မြောက်မှာပါ။

မေး။ ။ရဟန္တာပုဂ္ဂိုလ်မြတ်ဖြစ်အောင် အဘယ်တရားတွေအပေါ်မှာ ရှုပွားရမှာလဲ။

ဖြေ။ ။ခန္ဓာငါးပါးတရားရဲ့အပေါ်မှာ ဖြစ်ပျက် မြင်အောင် မုန်းအောင် ဆုံးအောင် ရှုပွားပေးပါက ရဟန္တာပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်။

မေး။ ။ခြင်းရာနှစ်ဆယ်လက္ခာအရ ခြင်းရာနှစ်ဆယ်ကို ရေတွက်ပြပါ။

ဖြေ။ ။အတိတ်အကြောင်း အခြင်းအရာ ငါးပါး။ ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး။ ပစ္စုပ္ပန် အကြောင်းအခြင်းအရာ ငါးပါး၊ အနာဂါတ် အကျိုးအခြင်းအရာ ငါးပါး ပေါင်းနှစ်ဆယ် ဖြစ်ပါတယ်။

မေး။ ။အတိတ် အကြောင်းအခြင်းအရာ ငါးပါးကို ကာလအားဖြင့် လည်းကောင်း၊ အလှာအားဖြင့် လည်းကောင်း၊ သစ္စာအားဖြင့် လည်းကောင်း ဝေဖန်ပြပါ။

ဖြေ။ ။ကာလအားဖြင့် အတိတ်ကာလ ဖြစ်ပါတယ်။
အလှာအားဖြင့် အတိတ်အကြောင်းအလှာ ဖြစ်ပါတယ်။
သစ္စာအားဖြင့် သမုဒယသစ္စာ ဖြစ်ပါတယ်။

မေး။ ။ပစ္စုပ္ပန် အကျိုးတလှာကိုလဲ ဝေဖန်ပြပါ။

ဖြေ။ ။ကာလအားဖြင့်–ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ဖြစ်ပါတယ်။
အလှာအားဖြင့်–ပစ္စုပ္ပန် အကျိုးအလှာ ဖြစ်ပါတယ်။
သစ္စာအားဖြင့် –ဒုက္ခသစ္စာ ဖြစ်ပါတယ်။

မေး။ ။ပစ္စုပ္ပန် အကြောင်းတလှာကိုလဲ ဝေဖန်ပြပါ။

ဖြေ။ ။ကာလအားဖြင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ဖြစ်ပါတယ်။
အလှာအားဖြင့် ပစ္စုပ္ပန်အကြောင်းအလှာ ဖြစ်ပါတယ်။
သစ္စာအားဖြင့် သမုဒယသစ္စာ ဖြစ်ပါတယ်။

မေး။ ။အနာဂါတ်အကျိုးတလှာကို ဝေဖန်ပြပါ။

ဖြေ။ ။ကာလအားဖြင့် အနာဂါတ်ကာလ ဖြစ်ပါတယ်။
အလှာအားဖြင့် အနာဂါတ်အမျိုးတလှာ ဖြစ်ပါတယ်။
သစ္စာအားဖြင့် ဒုက္ခသစ္စာ ဖြစ်ပါတယ်။

မေး။ ။ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးကို ဘာကြောင့် ရနေကြပါသလဲ။
သိကြား ဗြဟ္မာ ထာဝရဘုရားက ဖန်ဆင်းလို့ ရနေကြတာလား။

ဖြေ။ ။မဟုတ်ပါ။ အတိတ်အကြောင်းအခြင်းအရာ ငါးပါးကို ကြိုးစားခဲ့မိသောကြောင့် ရနေကြတာပါ။

မေး။ ။ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးသည် လူလား၊ နတ်လား၊ ဗြဟ္မာလား။

ဖြေ။ ။မဟုတ်ပါ။ ဒုက္ခသစ္စာမျှသာ ဖြစ်ပါတယ်။

မေး။ ။အတိတ်အကြောင်း အခြင်းအရာ ငါးပါးကြောင့်သာ ပစ္စုပ္ပါန် အကျိုးအခြင်းအရာ ငါးပါးဖြစ်ရတာဘဲလို့သိရင် အဘယ်တရား စင်သွားပါသလဲ။

ဖြေ။ ။ယုံမှားခြင်းသံသယ ဝင်သွားပါတယ်။

မေး။ ။ပစ္စုပ္ပါန်အကျိုးအခြင်းအရာ ငါးပါးကို ဒုက္ခသစ္စာမျှသာ ဖြစ်တာပဲလို့သိရင် အဘယ်တရား ပြုတ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။

မေး။ ။ပစ္စုပ္ပါန် အကျိုးအခြင်းအရာ ငါးပါးကို ဒုက္ခသစ္စာသာ ဖြစ်တာပဲလို့ အမှန်မသိရင် ဘယ်တရားတွေ ထပ်ကြိုးစားဦးမှာလဲ။

ဖြေ။ ။ပစ္စုပ္ပါန် အကြောင်းအခြင်းအရာ ငါးပါးကို ထပ်ပြီး ကြိုးစားကြဦးမှာပါ။

မေး။ ။ပစ္စုပ္ပါန် အကြောင်းအခြင်းအရာ ငါးပါး ထပ်ကြိုးစား ကြရင် အဘယ်တရားတွေ ပြန်ရကြဦးမှာလဲ။

ဖြေ။ ။အနာဂါတ် အကျိုးအခြင်းအရာ ငါးပါးကို ပြန်ပြီး ရကြဦးမှာပါ။

မေး။ ။အနာဂါတ် အကျိုးအခြင်းအရာ ငါးပါးရဲ့ အပေါ်မှာ ဒုက္ခသစ္စာပဲလို့ မသိရင် အဘယ်တရားတွေ ပြန်ပေါက်ပွားဦးမှာလဲ။

ဖြေ။ ။အတိတ် အကြောင်း အခြင်းအရာ ငါးပါးထပ်ပြီး ပေါက်ပွားဦးမှာပါ။

မေး။ ။ဤကဲ့သို့ ထပ်ပေါက်ပွားရင် သံသရာရှည်ပုံကို ရှင်းပြပါမယ်။

ဖြေ။ ။သံသရာရှည်မှာ ဖြစ်ပါတယ်။ သံသရာရှည်ပုံကို ရှင်းပြပါမယ်။ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပါန်အကျိုးဖြစ်၊ ပစ္စုပ္ပါန် အကျိုးထဲက ပစ္စုပ္ပါန်အကြောင်း ထပ်ပေါက်ပွား၊ ပေါက်ပွား သောကြောင့် အနာဂါတ်အကျိုး ထပ်ဖြစ်၊ အနာဂါတ် အကျိုးထဲကမှ အတိတ် အကြောင်းတွေ ထပ်ပေါက်ပွားနဲ့ သံသရာကြီးသည် ကရွတ်ကင်း

ရှောက် အဆုံးကို မရောက်နိုင်ကြပဲနှင့် တဝဲလည်လည်နှင့် ကျင်လည် ခဲ့ရတာ နှစ်ပေါင်း ရာထောင် ရေတွက်လို့မရအောင် ကြာညောင်း ခဲ့လှပါပြီ။

မေး။ ။ဤရှစ်သွယ်ကို ဆိုသောလင်္ကာအရ ရှစ်သွယ်စေ့အောင် ရေပြပါ။

ဖြေ။ ။ ၁။ မူလနှစ်ဖြာ ၂။ သစ္စာနှစ်ခု ၃။ လေးခုအလှာ ၄။ အင်္ဂါတစ်ဆယ့်နှစ်ပါး ၅။ သုံးပါးအစပ် ၆။ ဝဋ်သုံးဝနှင့် ၇။ ကာလသုံးဖြာ ၈။ ခြင်းရာနှစ်ဆယ် ပေါင်းရှစ်ဖွယ်တိတိ ရှိပါတယ်။

မေး။ ။ဤပဋိစ္စသမုပါဒ် တရားကို မည်ကဲ့သို့ သဘောပေါက်က မဂ်ဖိုလ် ရနိုင်ပါသလဲ။

ဖြေ။ ။ပရိညာသုံးပါးဖြင့် သဘောပေါက်ပါက မဂ်ဖိုလ်ရနိုင်ပါတယ်။

မေး။ ။ပရိညာသုံးပါးရဲ့ သဘောနှင့် သရုပ်ကို ပြောပြပါ။

ဖြေ။ ။ဉာတပရိညာ သိသောအားဖြင့် ပိုင်းခြားမှုသဘော
တိရဏပရိညာ ပွားများသောအားဖြင့် ပိုင်းခြားမှုသဘော
ပဟာနပရိညာ ပယ်သောအားဖြင့် ပိုင်းခြားမှုသဘော

ဉာတ၊ တိရဏ၊ ပဟာန၊ သုံးဝပရိညာ။

ဆောင်

သိ၊ ပွား၊ ပယ်ပါ၊ ဤသုံးဖြာ၊ ပိုင်းခြားပရိညာ။

မေး။ ။ပရိညာသုံးပါးဖြင့် ဒိဋ္ဌိ ပြုတ်ပုံကိုရှင်းပြပါ။

ဖြေ။ ။မိမိတို့ရဲ့သန္တာန်မှာ ခန္ဓာငါးပါးပေါ်လာရင် ငါ့ကိုယ်ငါ့ဟာ ငါ့ ဥစ္စာဟု မစွဲမူ၍ ခန္ဓာပေါ်တာပဲလို့ သိလိုက်ရင် သတ္တာယ ဒိဋ္ဌိအသိ ဉာဏ် ဉာတပရိညာ အားဖြင့် ပြုတ်ပါတယ်။

ၡင်းခန္ဓာငါးပါးတို့ရဲ့ ဖြစ်မှုသဘော ပျက်မှုသဘောများကို မြင်ရင် သတ္တာယဒိဋ္ဌိအပွား ဉာဏ်တိရဏ ပရိညာအားဖြင့် ပြုတ် ပါတယ်။

ဖြစ်ပျက်မြင်ပါများသောကြောင့် ဖြစ်ပျက်ကိုမုန်း ဖြစ်ပျက် ဒုက္ခကြီး မိမိဉာဏ်အောက်မှာ အကြွင်းမရှိ ချုပ်ဆုံးသွားမှုကို မြင် ရင် သတ္တာယဒိဋ္ဌိ အပယ်ဉာဏ် ပဟာန ပရိညာအားဖြင့် ပြုတ် ပါတယ်။

မေး။ ။ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်၊ မဟာသောတာပန် ပုဂ္ဂိုလ်များကို ရှင်းပြပါ။

ဖြေ၊ ။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် သဘောများကို သုတမယဉာဏ်အားဖြင့် မသိရင် အန္ဓပုထုဇဉ်ဖြစ်ပါတယ်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်သဘောများကို သုတမယဉာဏ်ဖြင့်လဲသိ၊ စိန္တာမယဉာဏ်ဖြင့်လဲ ကြံစည်စဉ်းစားသုံးသပ် ဝေဖန်လျက် ဖြစ်မှုပျက်မှုကို မြင်ရင် စူဠသောတာပန် ဖြစ်ပါတယ်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်သဘောများကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် သိရုံ ကြံစည်ရုံမျှ မကဘဲလျက် ဘာဝနာမယဉာဏ်ဖြင့် ကြိမ်ဖန်များစွာ ပွားများအား ထုတ်သော ကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပျက်သဘောကိုမြင်၊ ဖြစ်ပျက်သဘောကိုမုန်း၊ ဖြစ်ပျက်ဒုက္ခကြီး ချုပ်ဆုံးမှုကို မြင်ရရင် မှဟာသောတာပန် ဖြစ်ပါတယ်။

မေး၊ ။ မဟာသောတာပန်ဖြစ်ချင်ရင် ဘာတွေကို ဦးစားပေးပယ်ရမှာလဲ။

ဖြေ။ ။ ဒိဋ္ဌိမှန်သမျှကို ဦးစားပေး ပယ်ရမှာပါ။

မေး။ ။ ဒိဋ္ဌိက အကျယ်အားဖြင့် ဘယ်နှစ်ပါးရှိ၍ အကျဉ်းအားဖြင့်ဘယ်နှစ် ပါး ရှိပါသလဲ။

ဖြေ။ ။ ဒိဋ္ဌိသည် အကျယ်အားဖြင့် ခြောက်ဆယ့်နှစ်ပါးရှိ၍ အကျဉ်းအားဖြင့် သုံးပါးမျှပဲ ရှိပါတယ်။

မေး။ ။ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးကို ရေတွက်ပြပါ။

ဖြေ။ ။ ပုဗ္ဗန္တကပ္ပိက ဒိဋ္ဌိက ၁၈ ပါး၊ အပရန္တကပ္ပိကဒိဋ္ဌိက ၄၄ ပါး ပေါင်း ၆၂ ပါး ဖြစ်ပါတယ်။

ပုဗ္ဗန္တကပိကဒိဋ္ဌိ ၁၈ ပါးဆိုတာသည် သဿတဒိဋ္ဌိ ၄ ပါး၊ ဧကစ္စ သဿတဒိဋ္ဌိ ၄ ပါး၊ အန္တာနန္တဒိဋ္ဌိက ၄ ပါး၊ အမရာဝိက္ခေပဒိဋ္ဌိက ၄ ပါး၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိက ၂ ပါး ပေါင်း ၁၈ ပါး ဖြစ်ပါ တယ်။

အပရန္တကပ္ပိကဒိဋ္ဌိ ၄၄ ပါးဆိုတာသည်

သညီဒိဋ္ဌိက ၁၆ ပါး၊ အသညီဒိဋ္ဌိက ၈ ပါး၊ နေဝသညီနာသညီဒိဋ္ဌိက ၈ ပါး၊ ဥစ္ဆေဒဒိဋ္ဌိက ၇ ပါး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိက ၅ ပါး၊ ပေါင်း ၄၄ ဖြစ်ပါတယ်။

(ဌင်းဒိဋ္ဌိ ၆၂ ပါးရဲ့အကျယ်အဓိပ္ပာယ်ကို သာမညဖလသုတ္တန်မှာ ကြည့်တော်မူကြပါ)

မေး။ ။ ဒိဋ္ဌိအကျဉ်းအားဖြင့် သုံးပါးကို ရေတွက်ပြပါ။

ဖြေ။ ။ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ပေါင်း သုံးပါးဖြစ်ပါတယ်။

မေး။ ။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတွေသည် ဘယ်ဒိဋ္ဌိကို အကြောင်းရင်းခံပြီး ဖြစ်ကြပါသလဲ။

ဖြေ။ ။ သက္ကာယဒိဋ္ဌိကို အကြောင်းခံပြီး ဖြစ်ရတာပါ။

မေး။ ။ သက္ကာယဒိဋ္ဌိပြုတ်က ကျန်သောဒိဋ္ဌိများလဲ ပြုတ်ပါသလား။

ဖြေ။ ။ ဟုတ်ပါတယ်။ သက္ကာယဒိဋ္ဌိပြုတ်က ဒိဋ္ဌိမှန်သမျှ အကုန်ပြုတ်ပါတယ်။

မေး။ ။ သက္ကာယဆိုတာ ဘာကိုခေါ်ပါသလဲ၊ ဒိဋ္ဌိဆိုတာ ဘာကိုခေါ်ပါသလဲ။

ဖြေ။ ။ ခန္ဓာငါးပါးကို သက္ကာယခေါ်ပါတယ်။
မှားသောအယူကို ဒိဋ္ဌိလို့ ခေါ်ပါတယ်။

မေး။ ။ မဂ်ဖိုလ်ကို ရချင်ရင် သက္ကာယနှင့်ဒိဋ္ဌိ ဘယ်သူ့ကိုပယ်ရမှာလဲ။

ဖြေ။ ။ ဒိဋ္ဌိ ကိုသာ ပယ်ရမှာပါ။ သက္ကာယကိုပယ်လို့မရပါ။ သက္ကာယဆိုသော ခန္ဓာငါးပါးသည် ဘုရားပစ္စေကဗုဒ္ဓါရဟန္တာများလဲ ရှိတာပါပဲ၊ ပုထုဇဉ်တွေမှာလဲ ရှိတာပါပဲ။
သက္ကာယဆိုသော ခန္ဓာငါးပါးအပေါ်မှာ အမြင်မှားမှု ဆိုသော ဒိဋ္ဌိကိုသာ ပယ်ရမှာပါ။

မေး။ ။ သက္ကာယကိုလည်းကောင်း၊ သက္ကာယဖြစ်ကြောင်းကိုလည်းကောင်း၊ သက္ကာယချုပ်ငြိမ်းရာကို လည်းကောင်း၊ သက္ကာယချုပ်ကြောင်းကို လည်းကောင်း ပြောပြပါ။

ဖြေ။ ။ခန္ဓာငါးပါးတရား.က - သက္ကာယဖြစ်ပါတယ်။
တဏှာသုံးပါးက - သက္ကာယဖြစ်ကြောင်း ဖြစ်ပါတယ်။

ထိုတဏှာသုံးပါး၏ ချုပ်ငြိမ်းမှုက - သက္ကာယချုပ်ရာဖြစ်ပါတယ်။
သက္ကာယချုပ်ကြောင်းအကျင့်က - မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်။

မေး။ ။သတ္တဝါတွေရဲ့သန္တာန်မှာသက္ကာယဒိဋ္ဌိတွေ ဘာကြောင့်ဖြစ်ရပါသလဲ။

ဖြေ။ ။သူတော်ကောင်း၊ ဆရာသမားကောင်းများကို မမှီဝဲ မဆည်းကပ်ကြသော သူများသည် ရုပ်ပေါ်လာလဲ ရုပ်မှန်း မသိကြဘဲ ငါလို့ စွဲကြပေ၏။ ဝေဒနာ၏-သညာ-သင်္ခါရ ဝိညာဏ်တွေပေါ်လဲ ဝေဒနာမှန်း သညာမှန်း သင်္ခါရမှန်း ဝိညာဏ်မှန်း မသိကြဘဲ ငါလို့ မှားသောအားဖြင့် စွဲလန်းကြပါတယ်။ သို့အတွက် သက္ကာယဒိဋ္ဌိ ဖြစ်ကြရတာပါပဲ။

မေး။ ။သက္ကာယဒိဋ္ဌိ ပြုတ်တယ်ဆိုတာ ဘယ်လိုသိလို့ ပြုတ်ကြပါသလဲ။

ဖြေ။ ။သူတော်ကောင်း၊ ဆရာသမားကောင်း မှီဝဲ ဆည်းကပ်ကြသောသူများသည် အကြားအမြင် များကြပါတယ်။ အကြားအမြင် များကြသောကြောင့် မိမိသန္တာန်မှာ ရုပ်ပေါ်ရင် ရုပ်မှန်း သိကြပါတယ်။ ဝေဒနာသညာ၊ သင်္ခါရဝိညာဏ်တွေပေါ်လာရင် ဝေဒနာမှန်း-ဝိညာဏ်မှန်း သိကြသောကြောင့် ငါလို့ မစွဲတော့ပါ။ သို့အတွက် သက္ကာယဒိဋ္ဌိ ပြုတ်ကြပါတယ်။

မေး။ ။သောတာပန်ဖြစ်ရခြင်းရဲ့ အကျိုးတရားများကို ပြောပြပါ။

ဖြေ။ ။ပထဝီတခွင်၊ မြေအပြင်ကို အစိုးရသော စကြာမင်းအဖြစ်ထက် လည်းကောင်း၊ နတ်ပြည်ကို အစိုးရသော သိကြားမင်းအဖြစ်ထက် လည်းကောင်း၊ ဗြဟ္မာပြည်ကို အစိုးရသော ဗြဟ္မာမင်းအဖြစ်ထက် လည်းကောင်း သောတာပန်ဖြစ်ရခြင်းက သာလွန်မြင့်မြတ်ပါတယ်။

မေး။ ။သောတာပန်ဖြစ်ရခြင်းရဲ့ အကျိုးကို တနည်းအားဖြင့် ပြောပြပါ။

ဖြေ။ ။မြင့်မိုရ်တောင်ကြီး ရယ်၊ ၎င်းတောင်ကြီးရဲ့ဘေးနားမှာ ကျောက်ခဲ (၇)ခဲရယ် နှိုင်းယှဉ်ကြည့်ရင် အလွန်ကွာခြားသလို သောတာပန်များ ကုန်ခမ်းလေပြီးသော ဒုက္ခက မြင့်မိုရ်တောင်ကြီးလောက်များပြီးလျှင် ကြွင်းကျန်သော ဒုက္ခတရားက ကျောက်ခဲလေး ၇-ခဲလောက်ဘဲ ရှိပါတော့တယ်။

မေး။ ။သောတာပန် ဖြစ်ရခြင်းရဲ့ အကျိုးကို တနည်းအားဖြင့် ပြောပြပါ။

ဖြေ။ ။အလျား အနံ၊ စောက်အကျယ်၊ ယူဇနာ (၅၀) ရှိသော ရေကန်ကြီး တခု ရှိပါတယ်။ အဲဒီ ရေကန်ကြီးရယ်၊ ရေကန်ကြီးရဲ့ ဘေးကုန်းဇောင်းမှာ ရေပေါက် (၇) ပေါက်ရယ် အလွန် ကွာခြားသလို သောတာပန်များကုန်ခမ်းလေပြီးသော ဒုက္ခတရားတွေဟာ ရေကန်ကြီးလောက် များပြားပြီးလျှင် ကျန်သော ဒုက္ခတရားက ရေပေါက် (၇) ပေါက်မျှလောက်ပဲ ရှိပါတော့တယ်။

မေး။ ။သောတာပန် ဖြစ်ရခြင်းရဲ့ အကျိုးကို တနည်းအားဖြင့် ပြောပြပါ။

ဖြေ။ ။သောတာပန်ဖြစ်ပြီးသော အချိန်က စပြီးလျှင်

အစမထင်သော ဝဋ္ဋဆင်းရဲသံသရာ ဒုက္ခကိုလဲ ကုန်စေနိုင်ပါတယ်။
အလုံးစုံသော အပါယ်တံခါးကိုလဲ ပိတ်စေနိုင်ပါတယ်။

သူတော်ကောင်း ဥစ္စာ (၇)ဖြာကိုလဲ လက်ဝယ်ရရှိနိုင်ပါတယ်။
မိစ္ဆာမဂ္ဂင် (၈)ပါးကိုလဲ ပယ်စွန့်နိုင်ပါတယ်။

အလုံးစုံသောရန်၊ အလုံးစုံသော ဘေးတွေကိုလဲ ငြိမ်းစေနိုင်ပါတယ်။ ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော် သမီးတော် အစစ်သို့လည်း ရောက်ရှိသွားပါတယ်။ ထိုမှတပါး အရာမက များလှစွာသော အကျိုးတရားများကိုလဲ ရရှိသွားပါတယ်။

မေး။ ။သောတာပန် ဖြစ်ချင်ကြရင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးရဲ့အပေါ်မှာ နည်းဘယ်နှစ်နည်းဖြင့် ဆင်ခြင်သုံးသပ်ရမှာလဲ၊

ဖြေ။ ။နည်းလေးပါးဖြင့် ဆင်ခြင်သုံးသပ်ရပါတယ်၊

မေး။ ။နည်းလေးပါးကို ခွဲပြပါ။

ဖြေ။ ။ဧကတ္တနည်း၊ နာနတ္တနည်း၊ အ–ဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း ပေါင်းလေးနည်းရှိပါတယ်။

မေး။ ။ဧကတ္တနည်းကို ရှင်းပြပါ။

ဖြေ။ ။မျိုးစေ့မှ အညွန့်၊ အညွန့်မှအပင်၊ အပင်မှအခက်မ၊ ခက်မမှ အကိုင်း၊ အကိုင်းမှ ညွှာတံ၊ ညွှာတံမှ အရွက်၊ အရွက်မှ အဖူး၊ အဖူးမှ အပွင့် စသည် ဖြစ်ပေါ်လာသလို၊ အဝိဇ္ဇာမှ သင်္ခါရ၊

သင်္ခါရမှ ဝိညာဏ်၊ ဝိညာဏ်မှ နာမ်ရုပ် စသည်တို့သည် တဆက်တည်း ဆက်စပ်၍ ဖြစ်တာပဲဟု သိရသောနည်းသည် ဧကတ္တနည်းမည်ပါတယ်။

မေး။ ။ဤဧကတ္တနည်းကို သဘောပေါက်ရင် ဘယ်ဒိဋ္ဌိပြုတ်ပါသလဲ။

ဖြေ။ ။ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါတယ်။

မေး။ ။နာနတ္တနည်းကို ရှင်းပြပါ။

ဖြေ။ ။အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ် စသည်ဖြစ်သော်လဲ အဝိဇ္ဇာရဲ့ သဘောတရားက တခြားဘဲ၊ သင်္ခါရရဲ့ သဘောက တခြားဘဲ၊ ဤသို့သဘောတရားတခြားစီ ဖြစ်တာကို (မရောယှက်တာကို) သဘောပေါက်ရင် သဿတဒိဋ္ဌိ ပြုတ်ပါတယ်။

မေး။ ။အ–ဗျာပါရနည်းကို သဘောပေါက်ရောက်ရှင်းပြပါ။

ဖြေ။ ။အဝိဇ္ဇာက သင်္ခါရကို ငါဖြစ်စေမယ်လို့ ကြောင့်ကြဗျာပါရမရှိပါ။ သင်္ခါရကလဲ ဝိညာဏ်ကို ငါဖြစ်စေမယ်သို့ ကြောင့်ကြဗျာပါရမရှိပါ။

ဤသို့ပရမတ္တသဘောတရားတို့ ကြောင့်ကြဗျာပါရမရှိပုံကိုသိသောနည်းသည် အဗျာပါရနည်းမည်၏။

မေး။ ။ဤအဗျာပါရနည်းကို သဘောပေါက်ရင် ဘယ်ဒိဋ္ဌိပြုတ်ပါသလဲ။

ဖြေ။ ။အတ္တဒိဋ္ဌိ ပြုတ်ပါတယ်။

မေး။ ။ဧဝံဓမ္မတာနည်းကို သဘောပေါက်အောင် ရှင်းပြပါ။

ဖြေ။ ။နို့ရည်မှ နို့ခမ်း စသည် ဖြစ်ပေါ်လာသလို ဓမ္မတာသဘောအားဖြင့် အဝိဇ္ဇာမှာ သင်္ခါရဖြစ်၊ သင်္ခါရမှ ဝိညာဏ်ဖြစ်၊ ဤကဲ့သို့ စသည်ဖြင့် ဖြစ်ပေါ်နေတာကိုသိသော နည်းသည် ဧဝံဓမ္မတာနည်းမည်၏။

မေး။ ။ဤဧဝံဓမ္မတာနည်းကို သဘောပေါက်ရင် ဘယ်ဒိဋ္ဌိ ပြုတ်ပါသလဲ။

ဖြေ။ ။အဟေတုကဒိဋ္ဌိနှင့် အကိရိယဒိဋ္ဌိနှစ်ပါး ပြုတ်ပါတယ်။

မေး။ ။နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးကို ရှင်းပြပါ။

ဖြေ။ ။အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိပေါင်း သုံးပါး ဖြစ်ပါတယ်။

မေး။ ။ဎင်းဒိဋ္ဌိသုံးပါးရဲ့ သဘောကို ရှင်းပြပါ။

ဖြေ။ ။ယခု ပြုလုပ်စရာ အကြောင်းကိုလည်းကောင်း၊ နောင်ခံစားစရာ

အကျိုး ဝိပါတ်ကိုလည်းကောင်း အကြောင်းကံနှင့် အကျိုးဝိပါတ် နှစ်ပါးစလုံးကိုပါယ်လျှင် အဟေတုကဒိဋ္ဌိ ဖြစ်ပါတယ်။ ယခု ပြုစရာ အကြောင်းကံသက်သက်ကိုပါယ်လျှင်အကိရိယဒိဋ္ဌိဖြစ်ပါတယ်။ နောင် ခံစားစရာအကျိုးဝိပါတ်ကိုပါယ်လျှင် နတ္ထိကဒိဋ္ဌိ ဖြစ်ပါတယ်။

မေး။ ။ဤဒိဋ္ဌိကြီး သုံးပါး တပါးပါးယူမိလျှင် ဘယ်လို အပြစ်တွေ ခံစားရမှာလဲ။

ဖြေ။ ။ဤအယူတွေမစွန့်မချင်း အပါယ်လေးပါးမှ မလွတ်မြောက်နိုင်။ ကမ္ဘာမီးလောင်သောအခါ ကံကြီးငါးပါးထိုက်သော (လွန်ကြူးယားသော) သူတို့တောင်မှ အပါယ်လေးပါးမှ လွတ်ကြကုန်၏။ ဤမိစ္ဆာဒိဋ္ဌိအယူကြီးသုံးပါးကိုမစွန့်သောသူက မီးမလောင်သော ကမ္ဘာသို့ပြောင်းရွှေ့၍ အပါယ်ဒုက္ခကိုခံရသည်။ (ကြောက်ဘို့ကောင်း လေစွ)

မေး။ ။ဤမိစ္ဆာအယူဆိုးတွေကို မဖြစ်ချင်ရင် ဘယ်တရားတွေ သဘောပေါက် အောင် ကြိုးစားရမှာလဲ။

ဖြေ။ ။ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းနှင့်ချုပ်ကြောင်းကို သဘောပေါက်အောင် ကြိုးစားရပါမည်။

မေး။ ။ပဋိစ္စသမုပ္ပါဒ် ဆိုတာဘာကို ဆိုလိုပါသလဲ။

ဖြေ။ ။အကြောင်းတရားကို ပဋိစ္စသမုပ္ပါဒ်လို့ ဆိုပါတယ်။

မေး။ ။အဘယ်တရားကို ပဋိစ္စသမုပ္ပန္နဟူ၍ ဆိုပါသလဲ။

ဖြေ။ ။အကျိုးတရားကို ပဋိစ္စသမုပ္ပန္နဟူ၍ ဆိုပါတယ်။

မေး။ ။မှားသောအကျင့်နှင့် မှန်သော အကျင့်ကို ခွဲခြားပြပါ။

ဖြေ။ ။ပဋိစ္စသမုပ္ပါဒ် ဆက်ရင်မှားသောအကျင့် ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်ရင်မှန်သော အကျင့်ဖြစ်ပါတယ်။

မေး။ ။ပဋိစ္စသမုပ္ပါဒ် သဘောကို အသက်ကြီးသော ယောကျ်ားတွေ ရဟန်း တော်မှသာလျှင် သဘောပေါက်နိုင်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ရဟန်းဖြစ်စေ၊ နတ်ဖြစ် စေ၊ မည်သည့်ပုဂ္ဂိုလ်မဆို ဉာဏ်ကောင်း ကောင်း၊ ဝီရိယကောင်း ကောင်းနှင့် ကြိုးစားအားထုတ်ကြပါက သဘောပေါက်နိုင်ပါတယ်။

မေး။ ။သက်သေသာဓကများ ထုတ်ပြပါ။
ဖြေ။ ။ဝိသာခါသည် အသက်(၇)နှစ်မျှနှင့်ပင် ပဋိစ္စသမုပ္ပါဒ်ကို သဘော ပေါက်ဉာဏ်ရောက်ပြီး သောတာပန် ဖြစ်သွားသည်။
မေး။ ။မြတ်စွာဘုရားသခင်သည် ဘုရားမဖြစ်ခင် ဘုရားလောင်း ဘဝမှာ ဘာတရားကို အလေးထားတော်မူ၍ ဘုရားဖြစ်တော်မူပြီးသောအခါ မှာလဲ ဘယ်တရားကို အလေးထားသွားပါသလဲ။
ဖြေ။ ။ဘုရားလောင်း ဘဝမှာရော ဘုရားဖြစ်တော်မူသော အခါမှာရော ပဋိစ္စသမုပ္ပါဒ်ကိုပဲ အလေးထားတော် မူပါတယ်။
မေး။ ။ဘုရားလောင်းဘဝမှာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပုံကို ပြောပြပါ။
ဖြေ။ ။ဘုရားလောင်းက စဉ်းစားပါတယ်။ ဩော်–လူနတ်ဗြဟ္မာ သတ္တဝါ တွေသည် အဖန်ဖန်အိုကြရ၊ အဖန်ဖန်နာကြရ၊ အဖန်ဖန်သေကြရ ရွေ့လျော်ကြရ၊ စုတေကြရ၊ အဖန်ဖန်ဖြစ်ကြရနှင့်တယ်ပြီး ဆင်းရဲကြ ပါလား။

ဩော အဘယ်အခါ ကာလကျမှ အိုနာသေဆိုသော ဒုက္ခ ဆင်းရဲအစုကြီးမှ လွတ်မြောက်ကြောင်း တရားသို့ ထင်ရှားကြပါ လိမ့်မလဲဟု ဆင်ခြင်စဉ်းစားတော် မူပါတယ်။

ထိုကဲ့သို့ ဆင်ခြင်တော် မူသောအခါ ဘုရားလောင်းရဲ့ ဉာဏ် တော်ထဲမှာ ဩော်ဇာတိရှိလို့ အိုကြရ၊ နာကြရ၊ သေကြရတာပဲလို့ အို–နာ–သေရဲ့ လက်သည်ကို သွားတွေ့ပါတယ်။ (ဇာတိပစ္စယာဇရာ မရဏ)ထိုကဲ့သို့ ဇရာမရဏရဲ့ လက်သည်ကို သွားတွေ့တာဟာ သူတစ် ပါးထံမှ နည်းရလို့မဟုတ်ပါ။ ကိုယ်ပိုင်ဉာဏ်နှင့်ကိုယ်တိုင် ထိုးထွင်းပြီး သိတာဖြစ်ပါတယ်။ နောက်ဆက်လက်၍ ဆင်ခြင်ပြန်သော အခါ–

ဒိဇာတိဟာလဲ အကြောင်းမဲ့ဖြစ်တာမဟုတ် အကြောင်းရှိရဦးမှာပဲလို့ ဆင်ခြင် သောအခါ ဇာတိဖြစ်ကြောင်းဟာ ကမ္မဘဝပဲဟု သွားတွေ့ပါတယ်။ နောက် ဆက် ပြီး ဆင်ခြင်သောအခါ ကမ္မဘဝဖြစ်ကြောင်းသည် ဥပါဒါန်ပဲ၊ ဥပါဒါန် ဖြစ်ကြောင်း တဏှာပဲ၊ တဏှာဖြစ်ကြောင်းသည် ဝေဒနာပဲ၊ ဝေဒနာဖြစ်ကြောင်းသည် ဖဿပဲ၊ ဖဿဖြစ်ကြောင်းသည် သဠာယတနပဲ၊ သဠာယတနဖြစ်ကြောင်းသည် နာမ်ရုပ်ပဲ၊ နာမ်ရုပ်ဖြစ်ကြောင်းသည် ဝိညာဏ်ပဲ၊ ဝိညာဏ်ဖြစ်ကြောင်းသည် သင်္ခါရပဲ၊ သင်္ခါရ

ဖြစ်ကြောင်းသည် အဝိဇ္ဇာပဲဟူ၍ ဇရာမရဏဖြစ်ကြောင်း ပင်ရင်းလက်သည် အစစ် အဝိဇ္ဇာကို သွားတွေ့ပါတယ်။

အင်း ဒီအဝိဇ္ဇာ မပယ်နိုင်သရွေ့ သင်္ခါရတွေ ပြုကြဦးမှာပဲ၊ သင်္ခါရ ပြုသရွေ့ ဝိညာဏ်တွေ ရကြဦးမှာပဲ၊ ဝိညာဏ်တွေရသရွေ့ နာမ်ရုပ်တွေ ဖြစ်ကြဦးမှာဘဲ စသည်ဖြင့် ဆက်၍ ခြင်ဆင်ပြန်သောအခါ နောက်ဆုံး ဇရာမရဏမှာပဲ လမ်းဆုံးကြရမှာဘဲလို့ ထိုးတွင်း၍ သိတော်မူပါတယ်။

ထိုအခါ ဘုရားရှင်က ချစ်သားတို့ ငါဘုရားသည် ဘုရားလောင်းဘဝမှာ ဖြစ်ကြောင်း ဖြစ်ကြောင်း ဆိုသော စကားကို ရှေးက တခါမျှမကြားဘူးပါလျက် ဩော် ဇရာမရဏဟာ ဇာတိအကြောင်းခံကြောင့် ဖြစ်ရတာ ဟူ၍ ဓမ္မစက္ခု ခေါ်သော ထိုးထွင်း၍သိသောဉာဏ် ဖြစ်ပေါ်လာခဲ့ပြီး ဟူ၍ ဘုရားရှင်ကိုယ်တိုင် မိန့်ဟ ဝန်ခံတော်မူခဲ့ပါတယ်။

နောက်ဘုရားလောင်းသည် ဆက်လက်ပြီး ဆင်ခြင်ပြန်သောအခါမှာ အဝိဇ္ဇာ ချုပ်ရင် သင်္ခါရချုပ်မှာပဲ သင်္ခါရချုပ်ရင် ဝိညာဏ် ချုပ်မှာပဲ၊ လ-ဇာတိချုပ်ရင် ဇရာမရဏချုပ်မှာပဲ ဟူ၍ အသိဉာဏ်တွေ ပေါ်လာပါတယ်။

ထိုအခါ ဘုရားရှင်က ချစ်သားတို့ ငါဘုရားသည် ဘုရားလောင်း ဘဝမှာ ချုပ်ကြောင်း ချုပ်ကြောင်း ဆိုသော စကားကို ရှေးက တခါမျှမကြားဘူးပါဘဲလျက် ဩော်ဇာတိချုပ်ရင် ဇရာမရဏချုပ်မှာဘဲဟူ၍ ထိုးထွင်း၍သိသော ဉာဏ်တွေ ပေါ်လာခဲ့ပြီး ဟူ၍ ဘုရားရှင်ကိုယ်တိုင် ဖွင့်ဟဝန်ခံတော်မူခဲ့ပါတယ်။

သို့အတွက် ဘုရားလောင်းဘဝမှာ အလေးအနက်ထားပြီး ဆင်ခြင်တော်မူတဲ့ တရားသည် ပဋိစ္စသမုပါဒ် တရားဘဲ ဆိုတာ အလွန်တရာ ထင်ရှားလှပါတယ်။

မေး။ ။ဘုရားရှင်သည် ဘုရားရှင်အဖြစ်သို့ ရောက်ပြီးသောအခါမှာလဲ အဘယ် တရားကို အလေးထားပြီး ဆင်ခြင်တော်မူပါသလဲ။

ဖြေ။ ။ပဋိစ္စသမုပ္ပါဒ် တရားကိုဘဲ ဆင်ခြင်တော်မူပါတယ်။

မေး။ ။ဘုရားရှင်ကိုယ်တိုင် ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်တော်မူပုံကို ပြောပါ။

ဖြေ။ ။အခါတပါး မြတ်စွာဘုရားသည် နာတိက ရွာ အုဋ္ဌ တိုက် ကျောင်းတော်ကြီးမှာ သီတင်းသုံးလို့ နေပါတယ်။ ထိုအခါမှာ ဘုရားရှင်ကိုယ်တိုင် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သုံးသပ်တော်မူပါတယ်။ အဘယ်သို့ ဆင်ခြင်သုံးသပ်တော်မူပါသလဲ ဆိုရင်—

## သံသရာလည်ကြောင်းခြောက်ပါး

၁။ စက္ခုံ စ ပဋိစ္စရူပေစ - ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ၊ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေ စ-ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊

၃။ ဃာနဉ္စ ပဋိစ္စဂန္ဓေ စ- ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊

၄။ ဇိဝှဉ္စ ပဋိစ္စရသေ စ - ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ - ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊

၆။ မနဉ္စ ပဋိစ္စ ဓမ္မေ စ - ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ၊ ဖဿော …ပ… ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## သံသရာလည်ကြောင်း ခြောက်ပါး (မြန်မာပြန်)

၁။ စက္ခုဓာတ်ကိုလည်းကောင်း၊ ရူပဓာတ်ကိုလည်းကောင်း၊ စွဲ၍စက္ခုဝိညာဏဓာတ်ဖြစ်ပါတယ်။

သုံးပါးသောဓာတ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်ပါတယ်။

ဖဿ ဟူသောအကြောင်းကြောင့် ဝေဒနာဖြစ်ပါတယ်၊

ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပါတယ်။

တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်ပါတယ်။

ဥပါဒါန် ဟူသောအကြောင်းကြောင့် ဘဝဖြစ်ပါတယ်။

ဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်ပါတယ်။

ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်ပါတယ်။

စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့လဲ ဖြစ်ကြရပါတယ်။

ဤသို့သော အကြောင်းအဆက်ဆက်ဖြင့် ချမ်းသာစသည်တို့နှင့် မရောမယှက်၊ သက်သက်သော ဤဆင်းရဲအစုကြီး၏ ဖြစ်ခြင်းသည် ထင်ရှားလှပါတယ်။ (စဉ်းစားဆင်ခြင်ပါက ထင်ရှားလှပါတယ်။)

၂။ သောတဓာတ်ကိုလည်းကောင်း၊ သဒ္ဒဓာတ်ကိုလည်းကောင်း စွဲ၍ သောတဝိညာဏဓာတ် ဖြစ်ပါတယ်။ (ကြွင်း ဆက်ပြီး ဆိုနိုင်လောက်ပြီ။)
၃။ ဃာနဓာတ်ကိုလည်းကောင်း၊ ဂန္ဓဓာတ်ကိုလည်းကောင်း၊ စွဲ၍ ဃာနဝိညာဏဓာတ် ဖြစ်ပါတယ်။
၄။ ဇိဝှါဓာတ်ကိုလည်းကောင်း၊ ရသဓာတ်ကိုလည်း စွဲ၍ ဇိဝှါဝိညာဏဓာတ်ဖြစ်ပါတယ်။
၅။ ကာယဓာတ်ကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗဓာတ်ကိုလည်းကောင်း စွဲ၍ ကာယဝိညာဏဓာတ်ဖြစ်ပါတယ်။
၆။ မနောဓာတ်ကိုလည်းကောင်း၊ ဓမ္မဓာတ်ကိုလည်းကောင်း စွဲ၍ မနောဝိညာဏဓာတ် ဖြစ်ပါတယ်။

## သံသရာပြတ်ကြောင်း ခြောက်ပါး

၁။ စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝတဏှာယ၊အသေသဝိရာဂနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓါ၊ ဘဝနိရောဓေါ၊ ဘဝနိရောဓါဇာတိ နိရောဓေါ၊ ဇာတိနိရောဓါ ဇရာမရဏ၊ သောကပရိဒေဝဒုက္ခဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿကေဝလဿဒုက္ခက္ခန္ဓဿနိရောဓော ဟောတိ။

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေစ ဥပ္ပဇ္ဇတိသောတဝိညာဏံ။
၃။ ဃာနဉ္စ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိဃာနဝိညာဏံ။
၄။ ဇိဝှဉ္စ ပဋိစ္စရသေစ ဥပ္ပဇ္ဇတိ ဇိဝှါယတနံ။
၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိကာယဝိညာဏံ။
၆။ မနဉ္စ ပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာ

## သံသရာပြတ်ကြောင်း ခြောက်ပါး (မြန်မာပြန်)

၁။ စက္ခုဓာတ်ကိုလည်းကောင်း၊ ရူပဓာတ်ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏဓာတ် ဖြစ်ပါတယ်။

သုံးပါးသောခုတ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်ပါတယ်။ ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်ပါတယ်။ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ပါတယ်။ ထိုတဏှာ၏ သံလျှင် အကြင်းမဲ့ ထပ်ခြင်း မှရှိ ချုပ်ခြင်းကြောင့် (ဝါ) မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်ရပါတယ်။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်ပါတယ်။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်ပါတယ်၊ ဇာတိ ချုပ်ခြင်းကြောင့် ဇရာ မရဏ ချုပ်ပါတယ်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့လဲ ချုပ်ပါတယ်။ ဤသို့သော အကြောင်း အဆက်ဆက် ချုပ်ခြင်းကြောင့် ချမ်းသာစသည်တို့နှင့် မရောမယှက် သက်သက် သော ဆင်းရဲအစုကြီးချုပ်ခြင်းသည်(ဝါ) သံသရာဝဋ်ဆင်းရဲကြီး ကင်းပြတ် ခြင်းသည် ထင်ရှားလှပါတယ်။

(ကျန်သောတရားမပျောက် ဆက်ဆိုနိုင်ပြီး)

ဤကဲ့သို့ဘုရားရှင်သည် ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းနေထိုင်ပြီး ရွတ်ဆိုတော် မူနေပါတယ်။ ထိုအခိုက်မှာ ရဟန်းတော်တစ်ပါးကလဲ တရားသံကြားရာ အရပ်မှာ ရှိနေပါတယ်။ (ထိုရဟန်းသည် ဘုရားရှင်ရဲ့ ဂန္ဓကုဋိကို တံမျက်လှည်းရန် လာသော အခါ ဘုရားရှင် ရွတ်ဆိုနေသောတရားသံကို ကြားနာရသောကြောင့် တံမျက်မလှည်း သေးဘဲ ရပ်ပြီးနာနေပါတယ်)

မြတ်စွာဘုရားရှင်သည် အရင်းမှစ၍ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးများ ကို နှလုံးသွင်းလျက်၊ သြော် ဤအကျိုးတရားတွေသည် အကြောင်းတရားတွေကြောင့် ဖြစ်ရတာပါကလားလို့ ဆင်ခြင်တော်မူသောအခါ ဘဂဝံ တိုင်အောင် ၃၁-ဘုံလုံး ပျံ့ပြင်တည်း အာရုံအားဖြင့် နှုတ်တော်မြွက်၍ သရဇ္ဈာယ်တော်မူပြီးလျှင်.... သြော် ငါ ဘုရား သရဇ္ဈာယ်တာကို ကြားသိရသူ တစုံတယောက်များ ရှိလေသလားဟု ဆင်ခြင် သောအခါ ခုနကရပ်နေသော ရဟန်းကို မြင်တော်မူပါတယ်။

ထိုအခါ ဘုရားရှင်က ထိုရဟန်းကို ချစ်သားရဟန်း သင်သည် ငါဘုရား သရဇ္ဈာယ်သောတရားတော်ကို ကြားရသလောဟု မိန့်တော်မူသောအခါ ရဟန်းက ကြားရပါတယ်ဘုရားဟု လျှောက်ထားလေရာ ဘုရားရှင်က သင်သည် ထိုတရား အကြောင်းကို စိတ်ဖြင့် လေ့သလျက်မှတ်သားထားလော့၊ နှုတ်ဖြင့်လေ့ကျက်ကာ သင်ယူလေလော့။ လေ့ကျက်ဘိုင်း တည်ရာဖြစ်အောင် ဆောင်ထားလေလော့။

ဒိုရဟန်း ဤတရားအကြောင်းသည် အကျိုးနှင့်စပ်ယှဉ်၏၊ မဂ္ဂင် ရှစ်ပါး ဟုသော မဂ္ဂဖြဟ္မစရိယ၏ အစတည်ရာ ဖြစ်၏။ ဤသို့ အားပါးတရ မိန့်မြွက်တော်မူလိုက်ပါတယ်။ ဤကဲ့သို့ ဘုရားရှင်များသည် ပဋိစ္စသမုပ္ပါဒ်ကို အလေးထားတော်မူပါတယ်။

## ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ ကထာများ

၁။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။
၂။ ဖြစ်ပျက်မှုတွင်၊ ငါကောင်းထင်၊ ခင်မင်သမုဒယမှတ်။
၃။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဏ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
၄။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

## မဂ်ဖိုလ်ရကြောင်း ပဓာနိယဂီတရားငါးပါး

ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း။

## မဂ်ဖိုလ်ဝေးကြောင်းအကျင့်ငါးပါး

မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အားအင်ပျော့ခါ၊ လွန်စွာယူမှား၊ ဤငါးပါး၊ တရားမဂ်ဖိုလ်ဝေးသတည်း။

## မာဂဏ္ဍိပုဏ္ဏားကြီးအားဟောသော မဂ်ဖိုလ်ရကြောင်းသုံးပါး

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာထုတ်ကျင့် မဂ်ဖိုလ်ခွင့် ရသင့်ကောန်သား။

## မြန်စွာတရားပေါက်ရန်

သစ္စာနက်ရင်း၊ နှလုံးသွင်းမှန်၊ ဉာဏ်ဖြင့်ပိုင်းခြား၊ ညီစေအား၊ တရား ပေါက်မြန်ထက်။

၁။ ရခဲ့တဲ့ဘဝလေးမှာ အလကားအချိန်တွေ မဖြုန်းလိုက်ပါနဲ့။
၂။ နားက တရားနာပါ၊ ဉာဏ်ကခန္ဓာလှည့်ပါ။
၃။ နားကြီးကြီးနဲ့ တရားနာပါ။
၄။ တရားနာ၊ တရားအားကုတ်တာသည်၊ ပိမိအရေး။
၅။ ဉာဏ်ကမဦးပဲ၊ အသေကဦးသွားရင် ကိုယ့်အတွက်နာမယ်။

၆။ ဝိပဿနာ အားမထုတ်ပဲ နေ့ရွှေ့ ရက်ရွှေ့ ရွှေ့နေတာဘည် တဏှာက ဆင်ခြေ ပေးနေတာပဲ။

၇။ ဝိပဿနာအားထုတ်တဲ့အခါမှာ ကိလေသာ ခြားမခိုစေနဲ့။

၈။ ပဋိစ္စသမုပါဒ်ဆိုတာ—စာထဲမှာရှိတာမဟုတ်၊ ခန္ဓာမှာရှိတဲ့တရားပါ။

၉။ မိမိခန္ဓာမှာရှိတဲ့ ပဋိစ္စသမုပါဒ်ကို မိမိဉာဏ်နဲ့ ရှင်းအောင်လုပ်ပါ။

၁၀။ စာ ပဋိစ္စသမုပ္ပါဒ်သိတာသည် သညာသိသာဖြစ်သည်။

၁၁။ ခန္ဓာပဋိစ္စသမုပ္ပါဒ်သိတာကမှ ပညာသိဖြစ်၍ နိဗ္ဗာန်ရောက်မယ်။

၁၂။ သညာသိနှင့်နိဗ္ဗာန်မရောက်၊ ပညာသိနဲ့မှ နိဗ္ဗာန်ရောက်မယ်။

၁၃။ မိမိအရေးကို ရှေးထားပါ။

၁၄။ သားရေး သမီးရေး၊ စီးပွားရေးကို နောက်ထားပါ။

၁၅။ တရားနာ တရားအားထုတ်တာသည်၊ ကိုယ့်ကိုကိုယ်တင်သေးအလုပ်။

၁၆။ ဘဝကူးကောင်းအောင် မလုပ်ပါနှင့်၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းအောင်လုပ်ပါ။

၁၇။ ဒါနတရားက သံသရာရှည်အောင် လုပ်တာမဟုတ်။

၁၈။ ဒါန-နောက်က အသိဉာဏ်မလိုက်လို့ သံသရာရှည်ရတာ။

၁၉။ သစ္စာသိပြီးလှူရင်၊ ခန္ဓာကိုယ်ရောင်းလှူပါ။

၂၀။ သစ္စာမသိသေးရင် မလှူပါနှင့်ဦး။

၂၁။ အိုရာက နာရာမရောက်ခင် ဝိပဿနာလုပ်ပါ။

၂၂။ အရှိနှင့်အသိ ကိုက်အောင်လုပ်တာ ဝိပဿနာ။

၂၃။ ရှေ့စိတ်ကို နောက်စိတ်နှင့်ရှုတာ ဝိပဿနာ။

၂၄။ ရှေ့နာမ်ကို နောက်ဉာဏ်နှင့်ရှုတာ ဝိပဿနာ။

၂၅။ ရှေ့အသေကို နောက်အနေနှင့်ရှုတာ ဝိပဿနာ။

၂၆။ ခန္ဓာရဲ့-ပင်ကိုယ်သဘောကိုမြင်အောင် စောင့်ကြည့်တာ ဝိပဿနာ။

၂၇။ အပျက်နဲ့ မဂ် ကိုက်အောင်ရှုတာ ဝိပဿနာ။

၂၈။ အသေကို အရှင်နဲ့ကြည့်နေတာ ဝိပဿနာ။

၂၉။ သူများစိတ် အကဲမခပ်နှင့် မှားသော်ရှိ မှန်သော်ရှိ၊ ကိုယ့်စိတ်ကိုကိုယ် အကဲခပ်ပါမှ အမှန်ရမည်။

၃၀။ အလုပ်ကြည့်ရင်၊ ခန္ဓာကြည့်၊ အလုပ်စဉ်ကြည့်ရင် မှတ်တမ်းကြည့်။

၃၁။ ကိုယ့်စိတ်ဖြစ်တာကိုယ်မသိတာ၊ အလုပ်အဆိုးဆုံး။

၃၂။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်အကဲခပ်နိုင်မှ ဝိပဿနာဖြစ်မည်။

၃၃။ တဏှာကို အဖော်မလုပ်နဲ့၊ သဒ္ဓါနဲ့ပညာကို အဖော်လုပ်ပါ။

၃၄။ သားမယားခြေရင်း၊ တဏှာကျွန်အဖြစ်-ခေါင်းစင်းပြီး မနေသနဲ့။

၃၅။ ဒိဋ္ဌိက တဏှာကျွန်ထက် ပိုကြောက်ပရာကောင်းသည်။

၃၆။ ဝိပဿနာလုပ်ရင်၊ ဗျာမများနဲ့၊ ဗျာများရင် အချိန်ကြာမယ်။

၃၇။ အာရုံနဲ့အသိကိုက်ရင်-ဝိပဿနာဖြစ်ပြီး။

၃၈။ တရားအား မထုတ်တဲ့ တဆုံးက အလိုကိုမရဘူး။

၃၉။ ခန္ဓာဝန်သည် အလေးဆုံး အကြီးဆုံးမှတ်ပါ။

၄၀။ ခန္ဓာကိုယ်သည် မွေးကထဲက၊ အသေဘက်ကို ပြေးနေသည်။

၄၁။ ဘယ်ဗေဒင်ဟောတာမှမယုံနှင့် ခန္ဓာကသူ့လမ်းသူပြေးနေတာ။

၄၂။ မနေ့ကထက်၊ ယနေ့သေဖို့၊ တစ်ရက်နီးသွားပြီဆိုတာ ယုံလိုက်ပါ။

၄၃။ ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ဝတ္တရားက အသေကို ရှောင်တာ။

၄၄။ ခန္ဓာက သုသာန်ကို အပြေးသွားနေတာ။
အသေကဦး၍ ဉာဏ်နောက်ကျရင် ခက်လိမ့်မယ်။

၄၅။ အသက်တမ်း ခပ်တိုတိုလေးမှာ-ခပ်ခိုခိုလုပ်နေရင် အသေကစောသွားရင် ကိုယ်
ကျိုးနည်းလိမ့်မယ်။

၄၆။ ကိစ္စဟူသရွေ့-မဂ်ထားဗိုလ်ထားဟူ၍ မှတ်ပါ။

၄၇။ အလကားနေသရွေ့၊ အအားနေသရွေ့ အမှားနေခြင်းလို့သာမှတ်ပါ။

၄၈။ ရက်ရာဇာ-ပြဿဒါးမရွေးနဲ့၊ သူတော်ကောင်းအလုပ်လုပ်တဲ့ အချိန်သည် မင်္ဂလာ
ရှိသော နေ့ရက်ပဲဆိုတာ မှတ်ပါ။

၄၉။ ယခု-သားနဲ့သမီးနဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့-ပစ္စည်း ဥစ္စာတွေနဲ့ မသိပြုံးပြုံး
နေသလောက်၊ နောင်သေသခါနီး အိပ်ရာခင်းမှာ မျက်ရည်ကြီးငယ်
ကျရလိမ့်မည်။

၅၀။ ကိုယ့်ကို သနားရင် ဝိပဿနာလုပ်ကြရမယ်။
ကိုယ့်ကို မသနားရင်တော့ သားရေးသမီးရေး စီးပွားရေးဖိလုပ်ကြ။

၅၁။ သားရေးသမီးရေး စီးပွားရေးကိုသာ ဂရုစိုက်နေရင် အချိန်ကိုအလွဲသုံးစားလုပ်
နေတာပဲ၊ လူမိုက်အချိန်ပဲဆိုတာမှတ်။

၅၂။ အသက်ကြီးလေလေ၊ ကံမွဲဉာဏ်မွဲလေလေမှတ်၊ ကံမွဲတာက အရေးမကြီး ဉာဏ်
မွဲရင် နိဗ္ဗာန်မရောက်နိုင်။

၅၃။ ကံကောင်းရင် သုံးဆယ့်တစ်ဘုံကိုရောက်မယ်။

၅၄။ ဉာဏ်ကောင်းပါမှ နိဗ္ဗာန်ရောက်မည်။

၅၅။ ဉာဏ်မပါရင် ကံခြယ်လှယ်သွားမည်။

၅၆။ ကံကိုဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရောက်မည်။

၅၇။ နိဗ္ဗာန်သည် ကံ၏အကျိုးမဟုတ်၊ ဉာဏ်၏အကျိုးဖြစ်သည်။

၅၈။ တရားနာကြားရုံမျှနှင့်ကိစ္စမပြီး၊ ခန္ဓာဉာဏ်စိုက်ပြီး ကြည့်မှပြီးမည်။

၅၉။ လူပြောသူပြော အရပ်ကပြောတာတွေ မယုံပါနှင့်။
ခန္ဓာက ပြောတာကိုသာ အယုံကြီးယုံလိုက်ပါ။

၆၀။ လောင်စာနှင့် မီးတွဲပြီးလောင်နေတာပါ လူ့ဘဝ နတ်ဘဝ ပြဿာဘဝပဲ။
၆၁။ လောင်စာသိမ်း၍ မီးငြိမ်းသွားတာက နိဗ္ဗာန်ပဲ။
၆၂။ လောင်စာသိမ်း၍မီးငြိမ်းချင်ရင် မဂ္ဂင်အလုပ်လုပ်ပါ။
၆၃။ အာရုဏ်တက်တာသည် နေထွက်ဖို့ ရှေ့ပြေး
ဝိပဿနာမဂ်သည်၊ လောကုတ္တရာမဂ်၏ ရှေ့ပြေးဟူ၍မှတ်ပါ။
၆၄။ ဒါနသီလသည် ကိလေသာနှင့်ရောဂါ သက်သာရုံမျှပဲရှိမည်။
၆၅။ ကြားတဲ့တရားနှင့် သိတဲ့တရားနှစ်ခုညီရင် မဂ်ဖိုလ်ရနိုင်သည်။
၆၆။ ဒုက္ခသစ္စာကို ပိုင်းခြားသိချင်ရင် မဂ္ဂင်အလုပ်ကိုလုပ်ပါ။
၆၇။ သမုဒယသစ္စာကို ပယ်ချင်ရင်လဲ မဂ္ဂင်အလုပ်ကိုလုပ်ပါ။
၆၈။ နိရောဓသစ္စာကို မျက်မှောက်ပြုချင်ရင်လဲ၊ မဂ္ဂင်အလုပ်ကို လုပ်ပါ။
၆၉။ သစ္စာမသိပဲ အနှစ်တစ်ရာ အသက်ရှည်သော်လည်း အလကားပဲ။
၇၀။ သစ္စာသိပြီး-တစ်ရက်မျှ အသက်ရှည်ပြောသော်လည်း ပိုပြီးမြတ်လှပါ။
၇၁။ ခန္ဓာနှင့်ငါနှဲမရောစေနှဲ။
၇၂။ တရားနာတယ်ဆိုတာ ဒီအချိန်မှာ တရားသောအလုပ်ကို လုပ်နေတာပဲ။
၇၃။ တရားအရသာကို မခံစားဘူးသျှင် ကာမကိုအထင်ကြီး၏။
၇၄။ ကိုးဆယ့်ခြောက်ပါး ရောဂါပျောက်ချင်ရင်-လောကီ- ဆေးသောက်ရ၏။
၇၅။ ကိလေသာ ရောဂါပျောက်ချင်ရင် တရားဆေးသောက်ရ၏-
၇၆။ အကြားအမြင်မရှိရင် တကျော့ခိုင်းကာကိုပဲ ကျွန်ပီပီလုပ်နေကြမှာပဲ၊
၇၇။ တကျော့-ခိုင်းတိုင်းလုပ်နေပါသည် အရှက်မရှိလို့သာပဲ။
၇၈။ တကျော့ဆိုပေါင်းမိရင် အနေလဲမအေး၊ အသေလဲမအေးပါ။
၇၉။ ကံကြီးငါးပါးထက် ဒိဋ္ဌိကပိုပြီး ကြောက်စရာကောင်းတယ်၊
၈၁။ ကံကြီးငါးပါး လွန်ကြူးမိထားသူက ကမ္ဘာပျက်ရင် လွတ်ရတယ်။
၈၁။ ဒိဋ္ဌိအယူမစွန့်းသူက-မပျက်သော ကမ္ဘာသို့ ပြောင်းခံရတယ်။
၈၂။ ခန္ဓာရှိရင် ဝေဒနာမကင်းပါ။
၈၃။ ကိုယ်သာနာ၍ စိတ်မနာစေနဲ့။
၈၄။ ဓမ္မာမောအမှာ ငါမဖနာပါမှ ဒိဋ္ဌိကင်းမယ်။
၈၅။ သုညတမြင်မှ ဒိဋ္ဌိစင်မယ်။
၈၆။ အနတ္တမြင်မှအတ္တဒိဋ္ဌိကင်းမယ်။
၈၇။ အသင့်အတင့် နှစ်လုံးသွင်းပြီး အသင့်အတင့်ကြိုးစားကြရင် မဂ်ဖိုလ်နိဗ္ဗာန်ရမယ်။
နိဗ္ဗာန်ရကြောင်း အကျင့်ကောင်း အမှန်ကိုပြောပြပါ။
မဂ္ဂင်ရှစ်ပါး အကျင့်တရား ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး ဆောင်ပုဒ်များ

သစ္စာလေးပါး — တရားဆိုတာ
ဒုက္ခ သမုဒယ — နိရောဓပေါ်
မဂ္ဂင်ရှစ်ရပ် — မဂ္ဂ သစ္စာ
မြတ်ဘုရား — ဟောကြားမိန့်ခဲ့တာ။
ဆင်းရဲကျိုးဟု — မှတ်ရှုဒုက္ခာ
ဆင်းရဲကြောင့်ပဲ — ဓလွဲသမုဒယာ
ချမ်းသာကျိုးဟု — မှတ်ရှုနိရောဓာ
ချမ်းသာကြောင်း — မှတ်ကောင်းမဂ်သစ္စာ။

### အဝိဇ္ဇာ

သစ္စာလေးပါး — တရားကိုသာ
ဘာမှန်းမသိ — မောဟမိကာ
အမိုက်မှောင်ကြီး — ပိတ်ဆီးကွယ်ကာ
သံသာကြော — မောကြီလေဦးသာ။

### သင်္ခါရ

သင်္ခါရတရား — ပြုပြင်ဘလေဘာ
ပုညာပုည — အာနေဥပါ
ကာ၊ ဝစီ၊ စိတ္တ — သုံးဝတဖြာ
ဘဝညွှတ် — ဝဋ်ကမလွတ်ပါ။

### ဝိညာဏ်

မိခင်ဝမ်းထဲ — ရောက်ဆဲအခါ
ဝိညာဏ်ဘရား — ဖြစ်ငြားမှန်စွာ
ဝိညာဏ်ပဲ — မှတ်မြဲသော်ချာ
ပဋိသန် — မှန်ရန်ဒီအခါ။
အမိဝမ်းမှ — ထွက်မြောက်ပြီးခါ
မသေမချင်း — ထင်လင်းဖြစ်လာ
ဝိညာဏ်ပဝတ္တိ — မှတ်သိလေပါ
တို့ဘုရား — ဟောကြားမိန့်ခဲ့တာ။

### နာမ်ရုပ်

နာမ်ရုပ်နှစ်ပါး — ဟူရားသဘာဝါ
ညွှတ်လျှင်နာမ်ပဲ — ထဲစွဲမှတ်ပါ
ဖောက်ပြန်တရား — မှတ်သားရုပ်ပါ
ဖြစ်လျှင်ဖျက် — မှတ်လျက်နာမ်ရုပ်သာ။
နာမ်ရုပ်နှစ်ပါး — မှတ်သားဥပမာ
ရုပ်ကန်းနာမ်ကျိုး — မှတ်ရိုးသေချာ
နာမ်ရုပ်နှစ်ပါး — ပေါင်းငြားသောခါ
ဖြစ်ပေါ်ကြ — ရလတ်ညွှန်ခန္ဓာ။

### သဠာယတန

သဠာခြောက်ဝ — မှတ်ပသေချာ
စက်၊ သော၊ ဃာ၊ ဇိ — ကာယ၊ မနာ
ဒွါ ခြောက်ပါး — ဖြစ်ငြားနှုန်းစွာ
သံသာထဲ — အမြဲသူချဲ့တာ။

### ဖဿ

ဖဿခြောက်ဝ — မှတ်ကြပေသချာ
မြင်တွေ့၊ ကြားတွေ့ — နံတွေ့လေရာ
ကားတွေ့၊ ထိတွေ့ — ကြံတွေ့ကာဖြာ
ဖြစ်ပေါ်လဲ — ပျက်မြဲလွန်သေချာ။

### ဝေဒနာ

ဖဿခြောက်ပါး — ဖြစ်ငြားသော်ခါ
ဝေဒနာခြောက်ဝ — ဖြစ်ရသေချာ
ချမ်းသာဆင်းရဲ — ခံမြဲကာ
လျစ်လျူရှု — သုံးခုဝေဒနာ။

### တဏှာ

ဝေဒနာခြောက်ပါး — ခံစားသောအခါ
တဏှာခြောက်ပါး — ဖြစ်ငြားသေချာ
ကာ၊ ဘ၊ ဝိဘဝ — တညီကခြောက်ခါ
တရားရှစ် — ဖြစ်၏ ပွားများလာ။

## တဏှာ ၁၀၈ ပါး ပွား လာပုံ

တဏှာသုံးပါး — တည်ထားမှန်စွာ
အာရုံခြောက်ပါး — မြောက်ပြားသေချာ
တဏှာဘရား — ဖြစ်ပွားလေတာ
တဆယ့်ရှစ် — မှတ်လစ်ထိုအခါ။
တဏှာဆယ့်ရှစ် — တည်လစ်လေပါ
ကာလသုံးပါး — မြောက်ပြားမှန်စွာ
တဏှာတရား — တိုးပွားလေတာ
ငါးဆယ့်လေး — မှတ်တွေး ထိုအခါ။
တဏှာငါးလေး — တည်ရေးပြီးကာ
သဏ္ဍာန်နှစ်ပါး — မြောက်ပြားသေချာ
တရား တရား — တိုးပွားပြန်သာ
တရာ့ရှစ် — ဖြစ်၏ ထိုအခါ။

## ဥပါဒါန်

လိုချင်လောဘ — အားကျလို့သာ
ဥပါဒါန်လေး — ဖြစ်ရေးသေချာ
ကာ၊ ဒိ၊ အတ္တ — သီလဗ္ဗတာ
စွဲသန်းကြ — လေးဝဥပါဒါ။

## ကာမုပါဒါန်း — ဒိဋ္ဌိပါဒါန်

အာရုဏ်ငါးပ — စွဲကြသောခါ
ကာမုဒါန်ပဲ — မှတ်စွဲသေချာ
လူဒါန်းဒါန — ပယ်ကြသောခါ
ဒိဋ္ဌိစွဲ — ဖြစ်မြဲထိုအခါ။

## သီလဗ္ဗတုပါဒါန် — အတ္တဝါဒုပါဒါန်

ခွေးနွား ကျင့်ဖြင့် — စင်လင့်သံသရာ
ယူပါသော်လား — သီလဗ္ဗတာ
ခန္ဓာဗိုဘဲ — ငါစွဲလေတာ
သေချာဘဲ — ဖြစ်မြဲအတ္တဝါ။

### ဘဝ

စွဲလန်းသူများ — ပြုငြားသောချာ
ကာ၊ စိ—စိတ္တ — သုံးဝကမှာ
အားထုတ်ကြိုးစား — ပြုငြားသောခါ
နောက်ဇာတိ — ရရှိကေန်သာ။

### ဇာတိ

ဘဝနှစ်ရပ် — စက်စုပ်လေတစ
ဇာတိဆင်းရဲ — ဖြန့်မြဲသောချာ
ခန္ဓာဝိပါက် — မပျက်ဖြစ်လာ
ဘဝသစ် — ဖြစ်၏လွန့်သောချာ။

### ဇရာ၊ မရဏ

အိုခြင်းသေခြင်း — မယှင်းကြိမ်ဖန်
ဖြစ်ကြောင်းဖြစ်ကျိုး — နှစ်မျိုးဆက်ပြန်
သမုဒယနှင့် — ဒုက္ခအမှန်
မြတ်ဘုရား — ဟောကြားမိန့်ဟသံ။

### အနုလောမအားဖြင့် လည်ပုံ

အဝိဇ္ဇာစ — ဇရာ မရဏံ
အနုလောမ — လည်ကြကြိမ်ဖန်
ကြောင်းမျိုးမပြတ် — ဆက်စပ်လည်ပြန်
စက်ရဟတ် — ယွက်လတ်ကျိုးသားသန်။

### ပဋိလောမအားဖြင့်လည်ပုံ

ဇရာမရဏ — စ၍လည်ပြန်
အဝိဇ္ဇာထိ — ပဋိလောမံ
အားလုံးဒုက္ခ — သိကြလေပြန်
ဖြစ်ပေါ်ကြ — မှတ်ကြဝိဇ္ဇာဉာဏ်။

### အဝိဇ္ဇာချုပ်ရင် အကုန်ချုပ်ပုံ

သစ္စာသိက — ချုပ်ရအဝိဇ္ဇာ
သင်္ခါရလဲ — မလွဲချုပ်မှာ
ဝိဉာဏ်နာမ်ရုပ် — စသည်ချုပ်တာ
နိဗ္ဗာန — ဟောပြမြတ်ဗုဒ္ဓါ။

## သောက စသည်ဖြစ်ပုံ

| | | |
|---|---|---|
| အိုခြင်း သေခြင်း | — | တွေ့လျှင်သူမှာ |
| သောကတရား | — | ဖြစ်ကြမှန်စွာ |
| ကိုယ်စိတ်ဆင်းရဲ | — | ပူမြဲပြင်းစွာ |
| မဂ်ဖိုလ်ပ | — | ရမှ အေးမည်သာ။ |

## အာသဝဖြစ်ပုံ

| | | |
|---|---|---|
| ဇရာမရဏ | — | တွေ့ကြသူမှာ |
| နုပျိုရှည်ကား | — | ဖြစ်ငြားတကျွာ။ |
| ကာမာသဝ | — | ဖြစ်ကြလေးဖြာ |
| မှတ်ပါကြ | — | လေးဝအာသဝါ။ |

## အာသဝဖြစ်ပြီး အဝိဇ္ဇာပြန်ဖြစ်ပုံ

| | | |
|---|---|---|
| အာသဝတရား | — | ဖြစ်ပွားသူမှာ |
| မသိပါက | — | ဖြစ်ရမှန်စွာ |
| အဝိဇ္ဇာလဲ | — | ဖြစ်မြဲမှန်စွာ |
| စက်ရဟတ် | — | လှည့်ပတ်သူဖြစ်မှာ။ |
| စက်ရဟတ်မှ | — | ထွက်လတ်လိုပါ |
| အဝိဇ္ဇာပဲ | — | ရှုမြဲသောချာ |
| ဖြစ်မှု ပျက်မှု | — | မြင်မှုသာခါ |
| ချုပ်ပျောက်မြဲ | — | မှတ်ဖွဲ့အဝိဇ္ဇာ။ |
| အဝိဇ္ဇာလဲ | — | ချုပ်ပဲသောအခါ |
| သင်္ခါရလဲ | — | ချုပ်မြဲသေချာ |
| သင်္ခါသုံးဝ | — | ချုပ်ကြသောအခါ |
| ဇာတိသိမ်း | — | အေးငြိမ်းနိဗ္ဗုတာ။ |

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၊ မိုးကုတ်မြို့၌ ဝါတွင်းသုံးလတရားဟောပြီး၍ တရားပွဲသိမ်းသောအခါ ဟောပြောဆုံးမလေ့ရှိသော

## လက်ာဆောင်ပုဒ်

လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင်းတဘဲ၊ ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်၊ ပ်ပဿနာ၊ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှု၊ ထိုသည့်သူအား၊ အယူမလွဲ၊ ဂတိမြဲ၏။

မီးစွဲလောင်မှ၊ ရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်။

ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့်၊ ကိစ္စမလျှော်အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်မရဦး၊ ဘဝအစွန် တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍၊ မဖောက်မပြန်၊ သောတာပန်စစ်၊ ကေန်ဖြစ်သည် မလစ်ဝိပဿနာအကျိုးတည်း။

(တရားအားထုတ်ကာစ ယောဂီသစ်များကို ရည်ရွယ်၍ ရေးသားထားပါသည်။ လိုတာကိုဖြည့်စွက်၊ ပိုတာကိုနုတ်ပယ်၍ ကြည့်ရှုတော်မူကြပါကုန်။)

## ကိုက်တွန်းချက်

အို–ယောဂီအပေါင်း သူတော်ကောင်းတို့၊ ယခုလို သာသနာသုံးရပ် ထွန်းကားနေသောအခါမှာ၊ လူ့ဘဝခေါ်သော ဘဝထူးကို ရရှိလာကြသော အချိန်အခါဝယ်၊ ဘုရားရှင်၏ ဓမ္မအမွေတော်ကို ခံယူနိုင်အောင် ကြိုးစားကြပါသည်။ ဓမ္မအမွေတော်ဆိုတာက မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး၊ နိဗ္ဗာန်က တစ်ပါး၊ ပေါင်း လောကုတ္တရာကိုးပါး ဖြစ်ပါသည်။

လူ့ဘဝကြီးကိုလဲရ၊ သာသနာတော်သုံးရပ်နှင့်လဲ ကြုံပင် ကြုံကြငြားသော်လဲ၊ မူးမူးမေ့မေ့၊ ငါးဖြာအာရုံ၊ ကာမဂုဏ်အတွေ့တွေနှင့် ပျော်မွေ့ပြီးသာ နေကြမယ် ဆိုရင်တော့ အပယ်လေးပါးကို ရောက်ကြရတော့မှာ အမှန်ပါပဲ။

အပယ်လေးပါး ရောက်သွားကြမယ်ဆိုရင်၊ ကြီးကျယ်လှစွာသော၊ ခါးစပ်လှစွာသော၊ ကြမ်းတန်းလှစွာသော၊ ဆင်းရဲလှစွာသော ဒုက္ခများကို မချိမဆန့်အော်ခါ ငင်ခါ တစာစာနှင့် ခံစားကြရမှာ အမှန်ပါပဲ။

သို့အတွက် အပယ်လေးပါးကို မရောက်ရအောင် အခုအချိန်ကစ၍ ဓမ္မအမွေကို မရမနေ ကျိုးစားကြရပါမည်။ ဓမ္မအမွေကို အမြန်ရချင်ပါတယ်ဆိုရင်

၁။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ကြိုးစားကြရမည်။

၂။ သစ္စာသိအောင် ကြိုးစားကြရမည်။

၃။ ဒိဋ္ဌိပြုတ်အောင် ကြိုးစားကြရပါမည်။

ဤကဲ့သို့ အထက်ပါ အင်္ဂါသုံးချက်နှင့် ညီညွတ်ပါရင် ဓမ္မအမွေကိုအမှန်မသွေ ရကြမှာ ဧကန်ပါပဲ။

ဓမ္မအမွေကို ရသွားကြမယ်ဆိုရင် အပယ်လေးပါးဘေးဆိုသော ဘေးဆိုးကြီးမှ လွတ်ကင်းကြရမှာပါ။

အပယ်ဘေးဆိုးကြီးမှ လွတ်ကင်းရအောင် ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီးကလဲ ဘယ်လိုများ အဆုံးအမ ပေးခဲ့ပါသလဲဆိုရင်–

သုံးထွေသာသနာ၊ ကွန်းခိုက်ခါဝယ်၊ သမ္မာမြင့်မှောက်၊ ကံကောင်းထောက်၍၊ တစ်ယောက်ထူးလည်း၊ ဖြစ်ပေသည်ဟု၊ အတည်နှလုံး၊ စွဲယူသုံးစ၍၊ မြင့်ဆုံးမြင့်လှ၊ ဤဘဝဝယ်....

ဒုက္ခနယ်တွင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းဖို့ရာ၊ လေးသစ္စာကို၊ ယထာဘူတ သိထိုက်လှပြီး။

ခေတ်မှလွဲသွေ၊ ဖြစ်ရချေသော်၊ လေးထွေပါယ်ထဲ၊ နှောင်ကြိုးကဲ၍၊ မြုပ်မြဲမြုပ်အောင်၊ နင့်ကိုဆောင်လိမ့်။

အမှောင်ကိလေ၊ မိုက်ကင်းတွေကို၊ စစ်မြေအလား၊ ခန္ဓာငါး၌၊ သုံးပါးလက္ခဏာ၊ မှတ်တိုင်ထူ၍၊ ငါးဆူဗိုလ်မင်း၊ ဖော်တသင်းနှင့် စစ်ခင်းပြီးသော်၊ အောင်လံဆော်လျက်။

မြို့တော်ဝင်ရန်၊ တီပဋ္ဌာန်ဟု၊ လေးတန်တံခါး၊ ဖွင့်သောအားဖြင့်၊ ရှစ်ပါးမဂ္ဂင်၊ စလွယ်ဆင့်၍။

ပလ္လင်သဖွယ်၊ ဖိုလ်လေးသွယ်၌၊ စံပယ်နိုင်မှ၊ ချမ်းသာငြိ၍၊ ဒုက္ခနှင့်မှာ ငြိမ်းလိမ့်သာတည်း။

တဏှာဘုရင်၊ နင့်သခင်၏ လိုအင်လိုက်လျော၊ မိုက်သဘောနှင့်၊ မိုက်ဇောရတွေ၊ မှုန်း၍နေသော်၊ လှိုင်းလေပြင်းပြ၊ ပင်လယ်ဝဋ္ဋ၊ မျောရမည်မှာ မလွဲရာသည်။ သစ္စာမြင်မှ ထင်မြင်တည်း-ဆိုသော အဆုံးအမတော်ကြီးကိုလဲရအောင်၊ ကျက်မှတ်ကြပြီးလျှင် ဒုက္ခနယ်တွင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းရာအမှန်၊ မြတ်နိဗ္ဗာန်ကို၊ ကောန်မသွေ၊ အမြန်ရောက်နိုင်ကြစေရန်၊ ဝိပဿနာ ဘာဝနာ အလုပ်တော်ကြီးကို အရိုးကြေကြေ အရေခန်းခန်း၊ မလျော့တန်း ဇွဲ၊ သဒ္ဓါ၊ လုံ့လဝီရိယတို့ဖြင့်၊ ကျင့်ကြံကြိုးစား။ ပွားများအားထုတ်ကြပါဆိုတာ ကောင်းမြတ်သော်စိတ်ထား၊ ကြီးမားသော မေတ္တာ၊ ဖြူစင်သန့်ရှင်းသော စေတနာတို့ဖြင့် တိုက်တွန်း နှိုးဆော်လိုက်ရကြောင်း....

ဦးဇနိတာလင်္ကာရ
မိုးကုတ် ဝိပဿနာ
ဇနိတာရာမ ကျောင်းတိုက်
အဇစ်ခြံ၊ ဂွတ္တလစ်
ရန်ကုန်မြို့။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ၊ သောက ပရိဒေဝ၊
ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေ တဿ ကေဝလဿ
ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

# စိတ္တာနုပဿနာ ရှုနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံ့စိတ်
၄။ စားစိတ်
၅။ ယားနာ ကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

} အပြင်ဧည့်သည် ၆-ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

} အတွင်းဧည့်သည် ၅-ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

} အိမ်သည်စိတ် ၂-ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း(၅)ခုသည် ရှုတတ်သောတရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကိုအမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည်မရှိပါက အပြင်ဧည့်သည်၊ အတွင်းဧည့်သည်
ပေါ်ရာကိုရှုပါ။
ဧည့်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ။